တပေါ်စ တော် မင်္ဂလ မုတ္တမံ၊ မြဲမြဲစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွံ့ဖြိုးရေးကြိုးပမ်းရာတွင် အမျိုးသမီးစွမ်းဆောင်ရှင်များ အမျိုးသားများနည်းတူပေါ်ထွန်းလာ စည်းလုံးညီညွတ်သော အမျိုးသားနိုင်ငံတော်ကြီးကို တစ်ဆင့်ပြီးတစ်ဆင့်ထူထောင်လာနိုင်ပြီ နိုင်ငံတော်သစ်ထူထောင်ရေးတွင် အမျိုးသားများနှင့်လက်တွဲပြီး နိုင်ငံတော်၏ဦးဆောင်မှုခံယူစွမ်းဆောင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ မြင့်မားသည့်ရည်မှန်းချက်နှင့်အညီ ဆက်လက်ဦးဆောင်စည်းရုံး

ရန်ကုန် ဇူလိုင် ၃

၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့(Myanmar Women's Day)အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်းတက်ရောက်၍ ထူးချွန်ဆုများချီးမြှင့်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်မြမြစန်း၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး၌ ပထမအဆင့်ဖြင့် အမှတ်အများဆုံးရရှိသော ခြောက်ဘာသာဂုဏ်ထူးရှင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မခိုင်သက်ဆုအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး ပို့ကုန်တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

ယနေ့ အချိန်အခါတွင် နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းကာ စီးပွားရေးပိုမိုတိုးတက်ခိုင်မာလာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများလည်း အသီးသီး ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့နိုင်သည်။

ယင်းကဲ့သို့ နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည့် အခြေခံကောင်းများ ဖြစ်ထွန်းနေခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးအတွက် အစဉ်ထာဝရ စိတ်ပါဝင်စားစွာ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးနေသည်ကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်သည်။

စိုက်ပျိုးထုတ်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပို့ကုန်လုပ်ငန်း တိုးမြှင့်တင်ပို့ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၃၀ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင်–

“ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်ပပို့ကုန်လုပ်ငန်းရှင်များက လိုလားကြသလို နိုင်ငံတော်အစိုးရကလည်း လိုလားကြောင်း၊ မြန်မာ့စီးပွားရေး ပိုမိုတိုးတက် ကောင်းမွန်လာရေးအတွက် ပို့ကုန်တိုးမြှင့်ရေး အထောက်အကူပြုမည့် ထုတ်ကုန်များ ကဏ္ဍစုံတွင် တိုးတက်ထုတ်လုပ်ရေးနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့အတွက် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း”

ပြောကြားသွားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ပပို့ကုန်မြင့်မားရေးတွင် လယ်ယာထုတ်ကုန် တိုးမြှင့်ထုတ်လုပ်ရေးသည် အဓိကဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးတွင် ပို့ကုန်တိုးမြှင့်ရေးသည် ပဓာနကျသကဲ့သို့ အဓိကပို့ကုန်ဖြစ်သည့် လယ်ယာကိုင်းကျွန်းသီးနှံများအားစိုက် တိုးတက်ထုတ်လုပ်ပြီး အခြားသော စီးပွားရေးအထောက်အကူပြု ထုတ်လုပ်ရေးကဏ္ဍများဖြစ်သည့် ရေလုပ်ငန်း၊ သစ်တော၊ သတ္တုနှင့် ကျောက်မျက်ကဏ္ဍများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ထုတ်လုပ်သွားကြရန် လိုပေသည်။

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများတွင် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချရေးနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးသည် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ပေသည်။ ပြည်တွင်းတွင်အသုံးပြုနိုင်သည့်အပြင် ပြည်ပသို့ပါတင်ပို့နိုင်သော ပို့ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည်။

ပြည်ပပို့ကုန် အရှိန်အဟုန်ဖြင့် တိုးမြှင့်နိုင်ရေးတွင် လယ်ယာကိုင်းကျွန်းသီးနှံများကို အဓိကတိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် အရေးကြီးပေသည်။

သို့ဖြစ်၍ ဆန်စပါးအပါအဝင် လယ်ယာကိုင်းကျွန်းသီးနှံများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လိုကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား နိုင်ငံတော်က စိုက်ပျိုးမြေ၊ စိုက်ပျိုးရေးနည်းပညာများကအစ အဘက်ဘက်က စီစဉ်ဖြည့်ဆည်းပေးထားပြီးဖြစ်သည်။

ပြည်ပပို့ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအားလုံး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် လိုပေသည်။

အထူးသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များက အမှန်တကယ်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအား ကူညီပံ့ပိုးဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များကလည်း အဓိကသီးနှံများနှင့် ဈေးကွက်ဝင်သီးနှံများပါ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စိုက်ပျိုးကြရန်လိုပေသည်။

နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများကလည်း လိုအပ်သော မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေးနည်းပညာစသည့် ပံ့ပိုးမှုများ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်ငန်းအလိုက် စုစည်းညီညွတ်သည့် အသင်းများဖွဲ့စည်းပြီး စည်းလုံးညီညာစွာဖြင့် ပို့ကုန်များတိုးတက်ထုတ်လုပ်နိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာလာပြီး တိုင်းရင်းသားပြည်သူများ မျှော်မှန်းလျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အမြန်ဆုံးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၄–၇–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၈။ ဆရာတော် ဦးဃောသိတ တရားတော် **“ဘူတံဘူတ တောပသသတိ”**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၃၀ ၅။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် (ပထမနှစ်အထူးပြုအားလုံး) Coconut
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာရွှေအိုး”** (အပိုင်း–၁၁)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်
- ၁၇။ တိုင်းကျိုးပြည်ပြု တည်ဆောင်မှု
- ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၉။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ (ပိဋကတ်ဉာဏ် ကွန့်မြူးထူးချွန်သည့် ဆရာတော်)
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင် ရွှေသမက်ဘယ်သူလဲ”** (အပိုင်း–၁)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်)သင်တန်းဆင်း ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကား ပြောကြား

ရန်ကုန် ဇူလိုင် ၃

ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ် (၃)ဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံဘဏ်များအသင်းနာယက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးကျော်ကျော်မောင်၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်း ဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက အမှာစကား ပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော သင်တန်းသား သင်တန်းသူများအား ဒိုင်းဆုချီးမြှင့်သည်။ ထို့နောက် ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က သင်တန်းတွင် ပို့ချပေးသော ဆရာ ဆရာမများ၊ Seminar ဟောပြောပေးသော ဝါရင့်ပုဂ္ဂိုလ်များ၊ သင်တန်းဖြစ်မြောက်ရေးကို ကူညီပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်း ၄၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၃၀ ရက်က နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်၌ ကျင်းပရာ ရန်ကုန်တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က နိုင်ငံသား အရည်အချင်းပြည့်မီသူ တစ်ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်စဉ်။ (က–ပ)

ရိဒ်ခေါဒါရ်မြို့နယ်၌ စက်ရေတွင်းတူးဖော်

ရန်ကုန် ဇူလိုင် ၃

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့နယ် အမှတ်(၂)ရပ်ကွက် သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် Water Jet အသုံးပြု၍ နှစ်လက်မစက်ရေတွင်းကို ဇွန် ၃ ရက်က တူးဖော်ရာ ရိဒ်ခေါဒါရ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဒို့ပြည်စွမ်းအား မြန်မာအမျိုးသမီးများ

ခင်ပြည်ချစ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းတို့မှာ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝမတူညီသည့် သဘောတရား ရှိသော်ငြားလည်း မြန်မာအမျိုးသမီးထု ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်ကြိုးပမ်းနေကြသည့် အဖွဲ့ အစည်းများ ဖြစ်ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ သည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာ အမျိုးသမီးရေးရာ ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင် ရွက်ခဲ့သော ကာလတွင် နှစ်ရှည်ကြာမြင့်သည့် အတွေ့ အကြုံများ ရရှိထားပြီး ဖြစ်သည့်အတွက် မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် ပေါ်ထွန်းလာပြီးနောက်တွင် အမျိုး သမီးရေးရာကိစ္စရပ်များကို ကဏ္ဍအလိုက် တိုးချဲ့ဆောင်ရွက် လျက်ရှိနေပြီ ဖြစ်သည်။

မြန်မာကွန်ဗင်းရှင်းစင်တာတွင် ၂၀၀၄ ခုနှစ် မတ်လ ၂၈ ရက်နှင့် ၂၉ ရက်များက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာ အဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လမ်းညွှန်မှုများ ပေးခဲ့သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေကလည်း အဖွဲ့ချုပ်၏ ရည်ရွယ် ချက်များ၊ လိုက်နာရမည့် အခြေခံမူများ၊ ကဏ္ဍအလိုက် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး **"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** ဟူသော ဆောင်ပုဒ်အတိုင်း မျိုးနွယ် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် မှန်ကန်သော အသိ၊ မှန်ကန်သောခံယူချက်၊ မှန်ကန်သော ရပ်တည်ချက် များထားရှိကာ အားမာန်အပြည့်ဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ရင်း နိုင်ငံတော်သစ်ဆီ အရောက် ချီတက်ကြရန် မြန်မာအမျိုးသမီးထု တစ်ရပ်လုံးကို နှိုးဆော်တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀-၁၂-၂၀၀၃ ရက်နေ့က ဖွဲ့စည်းပြီးသည့်နောက် ထားရှိသည့် ရည်မှန်းချက်များနှင့် လုပ်ငန်းအဖွဲ့များ၏ တာဝန် ဝတ္တရားများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင် ရန်အတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေး အမြင်ချင်းဖလှယ်လျက်ရှိသည်။ ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့လုပ်ငန်းကဏ္ဍများ အကောင်အထည်ဖော်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၀၄ ခုနှစ် မေလ ၂၀ ရက်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက် တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကား ပြောကြားရာ၌ "အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များနှင့် အခြေခံ မူများနှင့်အညီ အကောင်အထည်ဖော်သွားကြရန်၊ တစ်ဦး နှင့်တစ်ဦး ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးကြရန်အတွက် ရန်ကုန် တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စားလှယ်များကို ခေါ်ယူ၍ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပေးမှုများ၊ ရုပ်ပိုင်းဆိုင်ရာ ကာကွယ် ထိန်းသိမ်းမှုများ၊ ပညာပေးမှုများနှင့် အမျိုးသမီးဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်မည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသမီး ကဏ္ဍ သက်သက်ကို ထိရောက်စွာ ဆောင်ရွက်ပေးမည့် လူမှုရေး အဖွဲ့အစည်းဖြစ်သည်ကို သိရှိစေလိုကြောင်း၊ ပထမသက်တမ်းကာလ အစဖြစ်သည့်အတွက် လုပ်ငန်း များစနစ်ကျနမှန်ကန်စွာ ဆောင်ရွက်ကြရန် လွန်စွာအရေး ကြီးပြီး မှန်ကန်သောစည်းရုံးဦးဆောင်မှု၊ စနစ်ကျနသော လုပ်ငန်းဆောင်ရွက်မှု၊ ပီပြင်သော ပညာပေး ကြီးကြပ်မှု၊ ပုဂ္ဂိုလ်ရေးအားဖြင့် အကျင့်စာရိတ္တ မြင့်မားခိုင်မာမှု၊ မိမိ အဖွဲ့အစည်းအပေါ် စေတနာကောင်းထားရှိမှု စသည့်အရည် အသွေးများအားလုံး စံနမူနာဖြစ်ရန် လိုအပ်ကြောင်း" ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က "အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ် ခြင်း၏ ဦးတည်ချက် နှစ်ချက်ရှိကြောင်း၊ ပထမအချက်မှာ ၂၈-၃-၂၀၀၄ ရက်နေ့နှင့် ၂၉-၃-၂၀၀၄ ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် များ စုံညီအစည်းအဝေးတွင် မြွက်ကြားခဲ့သော အဖွဲ့ချုပ် နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့၏ မှာကြား ချက်များကို လမ်းညွှန်မှု အဖြစ်ခံယူရန်၊ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက် အညွှန်းကိန်းများကို သုံးလ တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန်နှင့် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ အညွှန်းကိန်းများတွင် ပါဝင်သော အညွှန်း ကိန်း(Format)ပုံစံများအရ တိကျမှန်ကန်စွာ လိုက်နာပြီး ဆောင်ရွက်ဖော်ပြကြရန်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ မှာကြား ချက်အရ Community Base ဖြစ်သော ပြည်သူလူထု အခြေပြုလုပ်ငန်း တစ်ရပ်အဖြစ် Workshop အုပ်စုငယ် ဆွေးနွေးပွဲများကို မြို့နယ်မှစ၍ ပြုလုပ်ရန်မှာကြားခဲ့သဖြင့် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကြီး ပေါ်ပေါက်လာရခြင်း ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ရန်ကုန်တိုင်း လုပ်ငန်း ဆောင်ရွက်ချက်များကို အရှိန်အဟုန်မပျက် စဉ်ဆက် တိုးတက်ဆောင်ရွက်လျက်ရှိကြရာတွင် ခရိုင်အားလုံးနှင့် မြို့နယ် ၄၅ မြို့နယ်မှ တစ်ပြေးညီပါဝင်ဆောင်ရွက်ကြရန်၊ ခရိုင်လေးခရိုင် ညီညာစွာ ထိရောက်သည့် လက်တွေ့ကျသည့် လုပ်ငန်းဆောင်ရွက်ချက်များ ပြုလုပ်နိုင်စေရန်၊ ခရိုင် များမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ အမျိုးသမီး ထုကြီး၏ နိစ္စဓူဝ ဖြတ်သန်းနေရသော လူမှုဘဝအတွင်းသို့ အကြားအလပ်မရှိ ထဲထဲဝင်ဝင်ထိရောက်စွာရောက်ရှိသွားရန် လိုအပ်ကြောင်း၊ မိမိတို့ဒေသနှင့်ကိုက်ညီစွာ ကာလံဒေသံ အလိုက် ပေါ့ပါးရှင်လန်းလွယ်ကူချောမွေ့စွာ လုပ်ငန်းများ အချိန်မီ ပြည့်မီစွာ ဆောင်ရွက်နိုင်ရန် လိုအပ်၍ အုပ်စု ခေါင်းဆောင်များ၊လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင် များသည် လက်တွေ့ကျသော လမ်းညွှန်ချက်များကို အဓိက ဦးတည်ချက်ထားပြီး ဆွေးနွေးအကြံပြုကြရန်၊ ရင်းရင်း နှီးနှီးပွင့်ပွင့်လင်းလင်း ညီအစ်မရင်းချာနှင့်မခြား တိုင်ပင် ဆွေးနွေးကြရန်၊ အကြံပြု တင်ပြချက်များကို တစ်ဦးနှင့် တစ်ဦး အပြန်အလှန် လေးလေးစားစား အသိအမှတ်ပြု မှတ်သားနာယူ အကောင်အထည်ဖော်ပေးကြရန်" တိုက် တွန်း ပြောကြားခဲ့သည်။

ထို့နေ့က အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းအဖွဲ့ ၁၄ ဖွဲ့က စင်ဒီကိတ် (၁၊ ၂၊ ၃၊ ၄) အဖွဲ့ လေးဖွဲ့ခွဲပြီး လုပ်ငန်းတာဝန်များကို တက်ကြွစွာ အသေးစိတ် ပါဝင်ဆွေးနွေးကြသည်။ သက်ဆိုင် ရာလုပ်ငန်း အဖွဲ့များအလိုက် ဆွေးနွေးချက်များအပေါ် ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်း အထောက်အကူပြု ဆွေးနွေးပံ့ပိုးပေးခဲ့သည်။ ရရှိလာသော ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ပြီး စီးပွားရေး လုပ်ငန်းအဖွဲ့က ကွန်ပျူတာသင်တန်း၊နက္ခတ္တဗေဒသင်တန်း ဖွင့်လှစ်ခြင်း၊ပညာရေးလုပ်ငန်းအဖွဲ့က ဆင်းရဲနွမ်းပါးသော ကလေးငယ်များအား ပညာသင်စရိတ်ပံ့ပိုးလှူဒါန်းခြင်း၊ စာရင်းကိုင်သင်တန်း၊အင်္ဂလိပ်စကားပြောသင်တန်း၊ စာဖတ် ဝိုင်းများပြုလုပ်ခြင်း၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့က အာဟာရ တိုက်ကျွေးခြင်း၊ ကာကွယ်ဆေး ပုံမှန်တိုက်ကျွေးခြင်း၊ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ငယ်/ရွယ် လုပ်ငန်း အဖွဲ့က အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့က ယဉ်ကျေးမှုထိန်းသိမ်းရေး ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပခြင်း၊ Roll-Playနည်းဖြင့် ယဉ်ကျေးမှု အသိပညာပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့က သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊သစ်ပင်စိုက်ခြင်း၊ သစ်ပင်ထိန်းသိမ်းခြင်း၊ ပြန်ကြား/ဆက်သွယ်လုပ်ငန်း အဖွဲ့က စာကြည့်တိုက်များဖွင့်လှစ်ခြင်း၊ လက်ကမ်းစာစောင် နှင့်ဂျာနယ်များထုတ်ဝေခြင်း၊ ဆောင်းပါးများရေးသားခြင်း၊ လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့က ပညာပေးဟောပြောပွဲပြုလုပ်ခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးဌာနများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသား ရေးရာလုပ်ငန်းအဖွဲ့က ရိုးရာဓလေ့ထုံးစံအစားအသောက် များ ရောင်းချခြင်း၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က လှုပ်ရှားမှုများအား စည်းကမ်းတကျ ဆောင်ရွက်သွားနိုင် ရန် ကြီးကြပ်ကွပ်ကဲပေးခြင်း၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့က အဖွဲ့ဝင်အင်အားများ တိုးပွားအောင် ဆောင်ရွက်သွားနိုင်ရန် အသိပညာပေးခြင်း၊ ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်း အဖွဲ့က ရန်ပုံငွေကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းနှင့်အညီ စနစ်တကျသုံးစွဲရန် သတ်မှတ်ခြင်းတို့ကို ဆုံးဖြတ်ခဲ့ ကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအနေဖြင့် သမိုင်း နှင့် ချီ၍ မောင်တစ်ထမ်း၊ မယ်တစ်ရွက် အိမ်ထောင် ဦးစီးနှင့်အတူ အိမ်ထောင့်တာဝန်ကို နိုင်နင်းစွာ ထိန်းသိမ်း နိုင်ကြသည်။ အချို့နိုင်ငံများကဲ့သို့ တစ်ဖက်သတ်နှိမ့်ချ ထားခြင်း မခံရဘဲ မျက်မှောက်ခေတ် ဥပဒေပြဋ္ဌာန်းချက် များအရသော်လည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ များ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အယူအဆများအရ သော်လည်းကောင်း၊ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိခြင်းသည် အဆင့်မြင့်မား ခေတ်မီ သည့် မြန်မာ့လူ့ဘောင် ယဉ်ကျေးမှု၏ ထူးခြားသည့် ဂုဏ်ဒြပ်များပင်ဖြစ်သည်။

မြန်မာအမျိုးသမီးတို့၏ ကြီးသူကို ရိုသေလေး စားခြင်း၊ မိသားစုအချင်းချင်း မေတ္တာကရုဏာ သက်ရောက်မှု ရှိခြင်းဟူသော ဓလေ့စရိုက်များကြောင့် မြန်မာမိသားစုများတွင် အေးချမ်းသာယာမှုနှင့် ပျော်ရွှင် ချမ်းမြေ့မှုကို ဖြစ်ပေါ်စေသည်။ စံနမူနာဖြစ်သည့် မြန်မာ မိသားစုဆက်ဆံမှုသည် မေတ္တာ၊ ကရုဏာကို အခြေခံသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ မြတ်နိုးဖွယ်ရာ အစဉ် အလာကောင်း ဖြစ်သည့်အတွက် အမျိုးသမီးများအား အကြမ်းဖက်မှု မဖြစ်စေရန် ကာကွယ်တားဆီးပေးနိုင် သည်ကိုလည်း တွေ့ရှိရသည်။

မိမိနိုင်ငံ၊ မိမိလူမျိုး၏ ယဉ်ကျေးမှုကို ထိန်းသိမ်း လျက်ရှိသော အစဉ်အလာကောင်းများ ရှိနေခြင်းသည် မြန်မာ အမျိုးသမီးများ၏ ချစ်ခင်ဖွယ်ကောင်းသော ဓလေ့၊ ဂုဏ်ယူဖွယ်ကောင်းသော အမူအကျင့်ပင်ဖြစ်ပေသည်။ အမျိုး သမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသမီးများ၏ ယဉ်ကျေးမှုဓလေ့ကို မြတ်နိုးထိန်းသိမ်း ခြင်းနှင့် ဖြားယောင်းသိမ်းသွင်းမှု မခံရစေရေးတို့ကို အလေးထားဆောင်ရွက်သွားကြမည့် အဖွဲ့အစည်းတစ်ရပ် အနေဖြင့် အနောက်တိုင်းက ပုံစံမမှန်သော သရုပ်ပျက် ယဉ်ကျေးမှုကဲ့သို့ လျှပ်ပေါ်လော်လည် ဝတ်စားဆင်ယင်မှု များနှင့် ပေါ့ပျက်သော အမူအကျင့်များကို ရှောင်ကြဉ်နိုင် အောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ရာ အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ် အလုပ်ရုံဆွေးနွေးပွဲတွင် ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးသွားကြကြောင်း တွေ့ရှိရသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်တို့က အလုပ်ရုံဆွေးနွေးပွဲတွင်လိုက်လံကြည့်ရှုအားပေးကြစဉ်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်း ကဏ္ဍများ အကောင်အထည်ဖော်နိုင်ရေး အလုပ်ရုံဆွေး နွေးပွဲ အောင်မြင်ခဲ့သည်နှင့်အမျှ ရရှိလာသော ဆွေးနွေးချက် များ၊ ဆုံးဖြတ်ချက်များအရ ယခုအခါ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၄ ဖွဲ့၏ လုပ်ငန်းတာဝန်များကို ပီပြင်စွာ တက်ညီလက်ညီ လှုပ်ရှားအကောင်အထည်ဖော် ဆောင် ရွက်လျက် ရှိနေကြပြီဖြစ်သည်။ တစ်နိုင်ငံလုံး အတိုင်း အတာအနေဖြင့် လုပ်ငန်းကဏ္ဍများ အကောင်အထည် ဖော်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာ အဖွဲ့ချုပ်သည် ရည်မှန်းချက်များနှင့်အညီ စုစည်း ညီညွတ်သော အမျိုးသမီးထု၏ စွမ်းအားဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မြင့်မားသော အခန်းကဏ္ဍမှ ရပ်တည်ကာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

လှိုင်သာယာမြို့နယ် အလက ကျောင်းခွဲ အမက (၃၈) ကျောင်း ဆောင်ဟောင်းပြုပြင်မွမ်းမံလှူဒါန်း ပြီးစီးမှုအတွက် ဂုဏ်ပြုလွှာပေး အပ်ပွဲနှင့် သင်ထောက်ကူ မီဒီယာ ပစ္စည်းများ ပေးအပ်ပွဲအခမ်း အနားကို ဇွန် ၁၅ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က အလှူ ရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

သနပ်ပင်အထက ရွှေရတုကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

ပဲခူးတိုင်း သနပ်ပင်မြို့ အခြေခံ ပညာ အထက်တန်းကျောင်းအဖြစ် ၁၉၅၃ ခုနှစ်မှ တိုးမြှင့်စတင်တည် ထောင်ခဲ့သည်မှာ ယခုနှစ်တွင် နှစ် (၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်၍ ကျောင်းသူ ကျောင်းသားဟောင်းများက ရွှေရတု သဘင်ဖြစ်မြောက်ရေးဦးစီးကော်မတီ ကို ၄၅ဦးနှင့် ဖွဲ့စည်းကာ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနား၊(၁၃)ကြိမ် မြောက် မြတ်ဆရာပူဇော်ပွဲ၊ မိတ်ဆုံ စားပွဲ၊ တေးဂီတဖျော်ဖြေမှုများနှင့် အမှတ်တရပစ္စည်းများပေးဝေခြင်းတို့ ဖြင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၅ နှင့် ၂၆ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

ငယ်သူငယ်ချင်း ကျောင်းသူ ကျောင်းသားဟောင်းများသည် ဦးဖိုး ဇော် (အတွင်းရေးမှူး-သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း) ဖုန်း-၀၅၂-၂၂၃၇၆၊ ဒေါ်စီစီ လှိုင် (မြို့နယ်ပညာရေးမှူးရုံး) ဖုန်း- ၀၅၂-၂၂၃၇၅၊ ဦးဝင်းကြည် ဖုန်း-၀၁ ၆၈၀၉၈၈၊၀၉၈-၂၄၄၈၀၊ ဦးစိုးမြင့် ဖုန်း-၀၁ ၅၆၅၂၄၈၊ ဦးကျင်သိန်း ဖုန်း-၀၁ ၅၄၃၄၀၁၊ ဒေါ်ရီရီလှ ဖုန်း- ၀၁ ၂၉၇၄၁၃ နှင့် ကိုရဲဝင်းနိုင် ဖုန်း- ၀၁ ၇၂၆၁၅၆ တို့သို့ဆက်သွယ်လှူဒါန်း နိုင်ကြရန် နှိုးဆော်ထားသည်။**(၃၄၇)**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ၂၀၀၄ခုနှစ် ဇူလိုင်၃ရက်တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းသစ်ကိုလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမသစ်ကိုလည်းကောင်း ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းသစ်နှင့် အစည်းအဝေးခန်းမသစ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းနှင့် ရန်ကုန်တိုင်းအတွင်းမှ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းအတွင်းမှ ထူးချွန် အမျိုးသမီးများဖြစ်သည့် ပညာရေးထူးချွန်ဆုရ မဟေမာမြင့်နှင့် မခိုင်သက်ဆု၊ ကြက်ခြေနီထူးချွန်ဆုရ မနေဇာဝင်းနှင့် မရင်ရင်မြင့်၊ မီးသတ်ထူးချွန်ဆုရ မတင်စန္ဒာချို၊ အားကစားထူးချွန်ဆုရ မဇူးဇူးမောင်နှင့် မသက်စုထွေး၊ အနုပညာထူးချွန်ဆုရ မအိအိထွန်းနှင့် မဝင့်သဥ္ဇာစတင်း တို့နှင့် ၂၀၀၄ခုနှစ် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း အမျိုးသမီး ဘော်လီဘောအသင်းတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးကျော်နိုင်ဦး(ဥက္ကဋ္ဌ၊ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦး နာရီအရောင်းပြခန်းများ)က အလှူငွေကျပ်ခုနစ်သိန်း၊ ဒေါ်ကျင်မေ (Fresh Up စားသောက်ဆိုင်)က အလှူငွေကျပ် သုံးသိန်း၊ တောင်ဥက္ကလာပ စက်မှုဇုန်က အလှူငွေကျပ်နှစ်သိန်း၊ ဒေါ်မြင့်မြင့်ဝင်း(OLSO Co.,Ltd.)၊ ဦးဝင်းနိုင် (Asia Express ခရီးသွားလုပ်ငန်း) တို့က အလှူငွေကျပ် ၁၅၀၀၀၀စီ၊ ဦးမောင်သိန်း(ဂျမ်ဘိုခြင်ဆေးခွေ)၊ ဦးအောင်မြင့်(စိန်ဘဲလေးဘိလပ်မြေရောင်းဝယ်ရေး)၊ ဦးစိန်မင်း-ဒေါ်အေးအေးမွန် (နှစ်သက်စရာ ရတနာ ရောင်းဝယ်ရေး)၊ဦးသိန်း(ဥက္ကဋ္ဌ၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင် ၁၄ဦးတို့က အလှူငွေကျပ်၂၃သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံးခန်းသစ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းမဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အမျိုးသားညီလာခံကိုယ်စားလှယ်များ ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၃

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၆ နာရီတွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာလာကြပြီး ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရှေးမြန်မာမင်းများလက်ထက်မှ ယနေ့မျက်မှောက်ကာလအထိ နိုင်ငံတော်အစိုးရ အဆက်ဆက် အထူးသဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် စွမ်းစွမ်းတမံ အလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့မှု ပြခန်း၊ ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူချုပ် ဦးခင်မောင်ဌေးက စတူဒီယို(အေ)၌ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရည်မှန်းချက်တာဝန်များကို ရှင်းလင်းပြောကြားကာ ဌာနခွဲအလိုက် ဆောင်ရွက်ချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် အဖွဲ့များခွဲကာ စတူဒီယို(ဒီ)၌ မြန်မာ့ဆိုင်းအဖွဲ့နှင့်အတူ တေးသံရှင်များဖြစ်ကြသော မေဘရဏီခိုင်၏ အောင်ကြောင်းမင်္ဂလာ၊ ရဲရင့်ဝေလွင်၏ သီရိရတနာ စိမ်းမိုမိုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခင်နန်းယုယုထွေးတို့၏ တေးသီချင်းသီဆိုရိုက်ကူးမှုကို ကြည့်ရှုလေ့လာကြပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက်အမျိုးသား ညီလာခံ ကိုယ်စားလှယ်များအားမြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် နံနက်၁၀နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မူးယစ်ပြတိုက်လေ့လာ

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ကိုယ်စား မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီး ဆယ်မောင်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြတိုက်နှင့်ပတ်သက်၍ သိကောင်းစရာများနှင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပုံများကို ရှင်းလင်း ပြောကြားသည်။

ရှင်းလင်းပြသ

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မူးယစ်များက လိုက်လံရှင်းလင်းပြသကြသည်။

ရုပ်မြင်သံကြားလေ့လာ

ထိုမှတစ်ဆင့် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှု လေ့လာကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများက လှိုက်လှဲစွာ ကြိုဆိုကြသည်။

ဗွီဒီယိုဖြင့်ရှင်းလင်း

အစီအစဉ်အရ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးနှင့် သီတာမိုး၏ မလေးလက်ခတ်သံ တေးသီချင်းများ အသံသွင်းနေမှုကိုလည်းကောင်း၊ စတူဒီယို(စီ)၌ မိသားစု၏အိမ် ဇာတ်လမ်းပမာ အသံသွင်းနေမှုကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရုပ်မြင်သံကြားထုတ်လွှင့်မှု ဗဟိုဌာနရှိ မြန်မာ့ရုပ်မြင်သံကြား စတူဒီယိုအခန်း(၁)၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ဝန်ထမ်းအနုပညာရှင်များ၏ ရာမသမင်လိုက်ခန်း ရုပ်မြင်သံကြား ရိုက်ကူးမှု အစီအစဉ်များကို ကြည့်ရှုလေ့လာကြပြီး သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာ့ရုပ်မြင်သံကြား စတူဒီယိုအခန်း(၂)၌ တေးသံရှင်

မြန်မာအမျိုးသမီးများ

မြန်မာပြည်က
မြန်မာပီသ၊ မိန်းမလှများ။
ရိုးသားအတိ၊ ရှက်ကြောက်ရှိကာ
သိက္ခာတန်ကြေး၊ အလေးပေး၍
ယဉ်ကျေးလိမ္မာ၊ ဘာသာကိုင်းရှိုင်း
စိတ်ရိုင်းမရှိ၊ အလိုက်သိကြ။

မိဘရိုသေ၊ မောင်ဘွားတွေအား
လေးစားချစ်ခင်၊ အမွှမ်းတင်ကာ
ခင်ပွန်းလင်သား၊ အိမ်ဦးထား၍
သွားကျိုးဆံဖြူ၊ ချစ်ရည်တူစွာ
သစ္စာမယွင်း၊ ကြင်နာခြင်းလျှင်
အစဉ်ထာဝရ၊ ခိုင်မြဲကြ။

မြန်မာ့ထုံးတမ်း၊ မြန်မာ့စည်းကမ်းကို
ရိုသေလိုက်နာ၊ ကျင့်သုံးကာဖြင့်
ရိုးရာကိုမြှင့်၊ မျိုးဂုဏ်တင့်စွာ
ကရုဏာကျွေး၊ မေတ္တာပေး၍
မွေးဖွားသန့်စင်၊ ရင်ခွင်မှာထွေး
ရင်သွေးစစ်စစ်၊ ရင်နှစ်များ၏
သားကောင်းမိခင်၊ အသွင်ပီသ။
မြန်မာပြည်က၊ မိန်းမလှ.....။ ။

(မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)

နန်းမွန်ဟိန်း

ပုညာရာမဆရာတော် တရားပွဲ

ရန်ကုန် ဇူလိုင် ၃

ရှမ်းပြည်နယ် တာချီလိတ်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၃၄၈) တာချီလိတ် ဓမ္မရိပ်သာ၌ ဇူလိုင် ၁၀ ရက်မှ ၁၉ရက်အထိ ၁၀ရက် တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတမြို့ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ပဓာန နာယကဆရာတော် နယ်လှည့်ဓမ္မကထိက အရှင်ပုညာနန္ဒက ခန္ဓာဥာဏ်ရောက် သစ္စာတရားတို့ကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာသို့ထိုးဖောက်နိုင်ရေးသွက်လက်ထက်မြက်သောမီဒီယာဖြစ်အောင်ဆောင်ရွက် နိုင်ငံတော်မူဝါဒများ ပြည်သူ သိရှိပြီးပူးပေါင်းပါဝင်ရန်စည်းရုံး

မြန်မာ့ရုပ်ရှင်လုပ်ငန်း နှစ်ပတ်လည်နေ့၌ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းမှာကြား

ရန်ကုန် ဇူလိုင် ၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏(၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ အသံခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့်လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်နှင့်ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး၊ ဝန်ထမ်းများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပိုမိုတိုးတက်မည်ယုံကြည်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ ချီးမြှင့်ထိုက်သော ဝန်ထမ်းများအားဆုချီးမြှင့်သည့် မင်္ဂလာရှိသောနေ့ပင်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ၃၄ နှစ်တာကာလတစ်လျှောက်လုံး အောင်မြင်စွာဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို အရင်းခံ၍ အနာဂတ်ကာလအတွက်ပိုမိုတိုးတက်အောင်လုပ်ဆောင်နိုင်တော့မည်ဟု ယုံကြည်ပါကြောင်း။

ထို့အတူပင် ယခုနှစ်ပတ်လည် အခမ်းအနားတွင် ချီးမြှင့်ထိုက်သော ဝန်ထမ်းများအား ဆုများချီးမြှင့်သည့် အစီအစဉ်ကိုပါ ထည့်သွင်းကျင်းပနိုင်သည့်အတွက် ဆုရရှိသူဝန်ထမ်းများအနေဖြင့် ဤအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကာ မိမိဌာန၏ တိုးတက်ရာတိုးတက်ကြောင်းတို့ကို အစဉ်ထာဝရအလေးထားလုပ်ဆောင်ကြရန်ဖြစ်ကြောင်း၊ဝန်ထမ်းတိုင်းသည် အလုပ်တာဝန်များကို ထမ်းဆောင်ရာတွင် ကောင်းသောယှဉ်ပြိုင်ခြင်းဖြင့် မိမိဌာန ပိုမိုတိုးတက်လာစေရမည်ဟူသော စိတ်ဓာတ်ကိုယ်စီဖြင့် ရိုးသား၊ နိုးကြား၊ ကြိုးစားကြရန် ဖြစ်ကြောင်း။

ယခုအခါ ဌာနအနေဖြင့် ချီးမြှင့်ထိုက်သော ဝန်ထမ်းများအား ရွေးချယ်ဆုချီးမြှင့်သကဲ့သို့ ဝန်ထမ်းများ၏ သားသမီးများပညာရေးအတွက် ပညာသင်စရိတ်များကိုပါ ထောက်ပံ့ပေးလျက်ရှိကြောင်း။

အစီအမံကောင်းချမှတ်

ထိုကဲ့သို့ နှစ်ပတ်လည် အခမ်းအနားပြုလုပ်၍ ဆုများချီးမြှင့်ရခြင်းမှာ ဝန်ထမ်းများအားလုံးကောင်းသောယှဉ်ပြိုင်ခြင်းဖြင့် ယှဉ်ပြိုင်ကြပြီး ဌာနပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အချင်း ပိုမိုတိုးတက်လာစေရန်၊ နှစ်ဟောင်းမှ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး နှစ်သစ်တွင် လုပ်ငန်းတိုးတက်စေမည့် အစီအမံကောင်းများ ချမှတ်၍ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ရခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့ရုပ်ရှင်လုပ်ငန်း အနေဖြင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွက် ရည်မှန်းချက်တာဝန်များကို ပြည့်မီစွာ ဆောင်ရွက်နိုင်မှု မည်မျှရှိသည်၊ တွေ့ကြုံရနိုင်သော အခက်အခဲများကို မည်သို့ကျော်လွှားမည် စသည်တို့ကို သုံးသပ်၍ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုအဆင့်အတန်းမြင့်မားရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ဝင်ငွေနှင့် အသုံးစရိတ်အပိုင်းတွင် ဝင်ငွေပိုမိုရရှိရေးနည်းလမ်းများရှာကြံလုပ်ဆောင်ရန်နှင့်မဖြစ်မနေကုန်ကျမည့်အသုံးစရိတ်များကို စနစ်တကျ ခြိုးခြံချွေတာသုံးစွဲကြရန်ဖြစ်ကြောင်း၊ ထုတ်လုပ်သောရုပ်ရှင်ဗီဒီယိုဇာတ်ကားများကို မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များနှင့်ကိုက်ညီအောင် စနစ်တကျ ထုတ်လုပ်ရေး၊ ရုပ်ရှင်ဗီဒီယိုဇာတ်ကားများကို အကဲဖြတ်ရမည့် ဆင်ဆာမူများနှင့်အညီ စိစစ်အကဲဖြတ်ရေး၊ နယ်စပ်ဒေသများပါမကျန် မီဒီယာကာဗာဖြစ်ရေးအတွက် မိမိတို့ကျရာတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရမည့်အပြင် ကမ္ဘာသို့ မီဒီယာထိုးဖောက်နိုင်ရေး၊ သွက်လက်ထက်မြက်၍ အဆင့်အတန်းမြင့်မားသောမီဒီယာဖြစ်အောင်ဆောင်ရွက်ရေး စသည်တို့ကို အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် မိမိတို့ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏မူဝါဒများကို ပြည်သူများသိရှိပြီး ပူးပေါင်းပါဝင်လာအောင် မီဒီယာနည်းဖြင့် စည်းရုံးဆောင်ရွက်ရေးတို့ကို ဦးလည်မသုန်ခံယူဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နယ်လှည့်ရုပ်ရှင်များပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရန်နှင့် ရုပ်ရှင်ရုံများတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသတင်းကားများပြသနိုင်အောင် စီစဉ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်ပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ရုပ်ရှင်ရုံများကို အမြဲမပြတ်ပြုပြင်ထိန်းသိမ်းကြရန်နှင့် ဝန်ထမ်းများလိုက်နာကျင့်သုံးရမည့်အချက်၁၄ချက်ကို လိုက်နာ၍ မိမိတစ်ဦးချင်းဘဝအောင်မြင်တိုးတက်ရေး၊မိမိဌာနအတွက်အကျိုးရှိရေး၊ နိုင်ငံတော် အကျိုးစီးပွားတိုးတက်ရေးကိုအမြဲမပြတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင်သက်သာဝင်ငွေတိုးပြီး ဝန်ထမ်းများအား ပိုမိုထောက်ပံ့ပေးနိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို နည်းလမ်းရှာ၍ အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထောက်ပံ့ကြေးပေး

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ကျောင်းနေဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းအဖြစ် အခြေခံပညာ မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ်၂၅၀၀နှုန်းဖြင့် ၉၁ဦး၊ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ်၃၀၀၀ နှုန်းဖြင့် ၆၅ဦး၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ်၄၀၀၀နှုန်းဖြင့် ၈၀၊ စုစုပေါင်း ကျောင်းသားကျောင်းသူ၂၃၆ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ်၇၄၂၅၀၀ကိုပေးအပ်ရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က လက်ခံသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၃-၂၀၀၄ခုနှစ်ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေအများဆုံးရှာဖွေခဲ့ကြသည့် ရုံးခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ရာ ဝင်ငွေကျပ်သန်းပေါင်း ၁၄၀ဒသမ၁ ဖြင့် ပထမဆုရ ဗီဒီယိုလုပ်ငန်းနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ကိုယ်စား ညွှန်ကြားရေးမှူးဦးသိန်းထွန်းအောင်အား လည်းကောင်း၊ ဝင်ငွေကျပ်သန်းပေါင်း ၁၀၇ ဒသမ၅ဖြင့် ဒုတိယဆုရ ရန်ကုန်ရုံးခွဲကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းအားလည်းကောင်း၊ ဝင်ငွေကျပ်သန်းပေါင်း၅၉ဒသမ၃ဖြင့် တတိယဆုရ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်အားလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံဝန်ထမ်းလောင်း(အငယ်တန်း)သင်တန်းအပတ်စဉ်(၂၂)၌ မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် ဂုဏ်ဆောင်ခဲ့သော သင်တန်းသားတတိယဆုရ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဒု-ကြီးကြပ်ရေးမှူး(ကူး/ဆေး)ဦးစိုးမင်းအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းစိန်က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်နှင့်တိုင်းအလိုက် ဝင်ငွေအကောင်းဆုံးရှာဖွေပေးနိုင်သည့် လုပ်ငန်းစုရုံးခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ရာ ဝင်ငွေကျပ်သန်းပေါင်း ၂၄ဒသမ၄ဖြင့် ပထမဆုရ ရန်ကုန်တိုင်းဗီဒီယိုလုပ်ငန်း/စိစစ်ကြီးကြပ်ရေးကော်မတီရုံး ကိုယ်စား ဌာနခွဲစာရေး ဒေါ်ရီရီဝင်းအားလည်းကောင်း၊ ဝင်ငွေကျပ်သန်းပေါင်း ၁၈ ဒသမ ၇ ဖြင့် ဒုတိယဆုရ မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ မန္တလေးလုပ်ငန်းစုရုံး ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်အား လည်းကောင်း၊ ဝင်ငွေကျပ်သန်းပေါင်း၉ဒသမ၆ဖြင့် တတိယဆုရ ဧရာဝတီတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ ပုသိမ်လုပ်ငန်းစုရုံးကိုယ်စား ဌာနခွဲမှူး (ငွေစာရင်း) ဒေါ်သူဇာအောင်အား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းများအတွက်နှစ်ပတ်လည်လက်ဆောင်များကို ပေးအပ်ရာ ရုံးချုပ်မှ ဝန်ထမ်း ၁၄၇ ဦးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်ဖြူဖြူဝင်း၊ မော်ကွန်းရုပ်ရှင်ရုံးခွဲမှ ဝန်ထမ်း ၁၄၃ ဦးအတွက် ဒုတိယညွှန်ကြားရေးမှူး ဦးဆွေသန်း၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဝန်ထမ်း၅၅ ဦးအတွက် ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်၊ ရန်ကုန်ရုံးခွဲမှ ဝန်ထမ်း ၂၉ ဦးအတွက် လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ အောက်မြန်မာနိုင်ငံရုံးခွဲမှ ဝန်ထမ်း ၆၇ ဦးအတွက် ဌာနခွဲမှူး(တာဝန်ခံ/စီမံ) ဦးကျော်ဇင်သန့်နှင့် အထက်မြန်မာနိုင်ငံရုံးခွဲမှ ဝန်ထမ်း ၈၃ ဦး အတွက် ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်တို့က လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်ရရှိသူ ဝန်ထမ်းသုံးဦးနှင့် ရုံးတက်မှန်၊ ခွင့်မယူ၊ စည်းကမ်းကောင်းဝန်ထမ်း ၁၈ဦးတို့အား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဘိုကြည်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ကျောင်းနေ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေ ကျပ်နှစ်သိန်းကို မင်္ဂလာကုမ္ပဏီ လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းက ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား သီတာခုနစ်တန်ရုပ်ရှင်ဇာတ်ကားဖြင့်ဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇ နာရီမှ စတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ မောင်နန္ဒရိုက်ကူးပြီး သရုပ်ဆောင် ညွှန့်ဝင်း၊ နေအောင်၊ ရဲအောင်၊ ဇင်မာဦးတို့ ပါဝင်သရုပ်ဆောင်ထားသည့် **'သီတာခုနစ်တန်'** ရုပ်ရှင်ဇာတ်ကားဖြင့် တင်ဆက်ပြသရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၃၀ ရက်က စမ်းချောင်းမြို့နယ် သမဝါယမအသင်းများ၏ စာရင်းစစ်ကြေးပေးအပ်ပွဲတွင် အသင်း၏ကိုယ်စား ဒေါ်ခင်သန်းနုက မြို့နယ် သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းစိန်သို့ အသင်းများ၏ကိုယ်စား စာရင်းစစ်ကြေးကို စုပေါင်းပေးအပ်စဉ်။ (က-ပ)

မြန်မာ့စိတ်ဓာတ် ဇနက္က

* မဟာဇနက္က၊ နိုးထလာရန်
ဖုံးသံစိန်သံ၊ ဆူညံသံတွေ
ပြင်းထန်ဟစ်ကြွေး၊ လှုံ့ဆော်ပေးလည်း
ရေးရေးလေးမျှမလှုပ်ပါ။

* အေးအေးညင်သာ၊ သာယာကြည်မြ
တေးအလှနှင့် ဂီတသံသာ
ပြုလုပ်ပါမှ၊ မဟာဇနက္က
နိုးထလာကြောင်း
ဇာတ်ကြောင်းမဟာ ရှိခဲ့ပါ၏။

* မြန်မာဟူသည်
အဘယ်မည်သော၊ သဘောစိတ်ဓာတ်
စွဲကပ်၍နေ၊ မသိလေလျှင်
အဖြေသိချင် မှတ်ပါကြ
မြန်မာ့စိတ်ဓာတ်ဇနက္က။ ။

4-7 (05).p65 1 03/26/1905, 10:45 PM

ဘဂ္ဂဒက်မြို့လယ်တွင် ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွား ရှယ်ရာတွန်ဟိုတယ်၏ ဒသမမြောက်အထပ် ဒုံးကျည်ထိမှန်ပျက်စီး

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ပိုင်း၌ အသေးစားပေါက်ကွဲမှုများ ဖြစ်ပွားနေကြောင်း သိရသည်။ ပြီးခဲ့သည့် နာရီပိုင်းအတွင်း ထိုနေရာ၌ ဒုံးကျည်များဖြင့် ဆက်တိုက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ဒုံးကျည်တစ်ခုသည် ဘဂ္ဂဒက်မြို့လယ်ရှိ ရှယ်ရာတွန်ဟိုတယ်ကို ထိမှန်ခဲ့သည်။

ယင်း ဟိုတယ်သည် နိုင်ငံတကာမှ သတင်းမီဒီယာသမားများနှင့် လုပ်ငန်းရှင်များ တည်းခိုရာနေရာဖြစ်ပြီး ဟိုတယ်၏ ဒသမမြောက်အထပ်ကို ဒုံးကျည်ထိမှန်ခဲ့ကာ အဆောက်အအုံအတွင်းပိုင်း ပျက်စီးသွားပြီး တစ်ယောက်မှ ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။

ထိမှန်

ထို့အတူ ဘဂ္ဂဒက်ဟိုတယ်အနီးရှိ မီနီဘတ်စ်တစ်စီးကိုလည်း ဒုံးကျည်ထိမှန်သွားပြီး ကားမီးလောင်ပျက်စီးခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့များ၏ ပြောကြားချက်အရ သိရှိရသည်။ ယခုအချိန်သည် အီရတ်တို့အတွက် အချုပ်အခြာအာဏာရရှိပြီးဖြစ်သည့်အတွက် သမိုင်းဝင်အချိန်အခါဖြစ်ကြောင်းနှင့် တိုက်ခိုက်မှုများလျော့ကျသွားပြီဖြစ်ကြောင်း သိရသည်။ ရှယ်ရာတွန်ဟိုတယ်အား ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာတွင် အီရတ်လေးဦးဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပစ်မှတ်ဖြစ်

ဟိုတယ်အရာရှိတစ်ဦးက ရှယ်ရာတွန်ဟိုတယ်အား ယခုတိုက်ခိုက်မှုသည် လွန်ခဲ့သည့် သြဂုတ်လမှစပြီး ဆဋ္ဌမအကြိမ်မြောက်ဖြစ်ကြောင်း ပြောကြားသည်။ ရှယ်ရာတွန်ဟိုတယ်နှင့် အနီးကပ်လျက် ပါလက်စတိုင်းဟိုတယ်ရှိပြီး ထိုဟိုတယ်နှစ်ခုစလုံးသည် ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် တိုက်ခိုက်သည့်ပစ်မှတ်များ ဖြစ်နေကြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်အစိုးရသစ် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရ

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်ကြားဖြတ်အစိုးရထံ အချုပ်အခြာအာဏာပြန်လွှဲပြီးနောက် ၎င်းအစိုးရအဖွဲ့သည် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ နိုင်ငံတစ်ဝန်း လုံခြုံရေးကင်းမဲ့မှုများနှင့် အကြမ်းဖက်မှု အဓိကရုဏ်းများကို ချေမှုန်းရန် အမေရိကန်တို့ မစွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အီရတ်တပ်ဖွဲ့ဝင်သစ်များကို လေ့ကျင့်သင်တန်းပေးနေကြသည်။

ယင်းအကြမ်းဖက် တိုက်ခိုက်မှုများသည် အချုပ်အခြာအာဏာကို စောစောပြန်လည်လွှဲအပ်ရန် တွန်းအားပေးလိုက်သကဲ့သို့ ဖြစ်ကြောင်း၊ နိုင်ငံမှာလည်း ယိုယွင်းပျက်စီးမှုများစွာ ကျန်ရှိခဲ့၍ လျှပ်စစ်ဓာတ်အား၊ သောက်သုံးရေရရှိမှု စသောလိုအပ်ချက်များစွာ ရှိနေသေးကြောင်း လျှပ်စစ်ဓာတ်အား ချို့တဲ့ပြီး လုံခြုံရေးကင်းမဲ့ကြောင်း ဝယ်ယူသူများလည်းမရှိကြောင်း အနုပညာပစ္စည်းဆိုင်ရှင်က ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဇူလိုင် ၂ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၅၈ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ လွန်ခဲ့သည့်နှစ်မတ်လထဲ၌ စစ်ပွဲစတင်ဆင်နွှဲခဲ့ချိန်မှစ၍ ဇူလိုင် ၂ရက်အထိ အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၅၈ဦး ဖြစ်သည်။

ယင်းအနက် ၆၃၆ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၂၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ အီရတ်ကို ဆင်နွှဲသောစစ်ပွဲသည် ၂၀၀၃ ခုနှစ် မေလ ၁ရက်၌ ပြီးဆုံးခဲ့သည်။

ထိုနေ့မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၇၂၀ ဖြစ်ပြီး ယင်းအနက် ၅၂၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၉၃ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ဆိုသည်။

အီရတ်၌ အမေရိကန်၏ အခြားအပေါင်းပါတပ်ဖွဲ့ဝင်များလည်း စစ်ပွဲစတင်ခဲ့သည်မှ သေဆုံးမှုများရှိခဲ့သည်။ အဆိုပါတပ်ဖွဲ့ဝင်များမှာ ဗြိတိသျှ ၅၉ ဦး၊ အီတလီ ၁၈ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလင်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်ရှိ ရှယ်ရာတွန်ဟိုတယ် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ ကန်စစ်အခြေစိုက်စခန်း စိန်ပြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၂

ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်မြောက်ဘက် အမေရိကန်အခြေစိုက်စခန်းတစ်ခုကို စိန်ပြောင်းများနှင့် ယမန်နေ့က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့ ပြန်လည်ထွက်ခွာခြင်းနှင့် အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းခြင်း အခမ်းအနားကျင်းပနေစဉ်ယခုကဲ့သို့ တိုက်ခိုက်ခြင်း ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းအမေရိကန် အခြေစိုက်စခန်းသည် နေ့စဉ်နှင့်အမျှ တိုက်ခိုက်ခြင်းခံခဲ့ရပြီး ပထမဆုံးအကြိမ်အဖြစ် ပျက်စီးဆုံးရှုံးမှုများပြားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့၏ လူနေရပ်ကွက်အတွင်းကိုလည်း ဒုံးကျည်နှစ်စင်း ယမန်နေ့က ကျရောက်ပေါက်ကွဲခဲ့ရာ အဆောက်အအုံတစ်ခုနှင့် မော်တော်ယာဉ်တစ်စီး ပျက်စီးသွားခဲ့သည်။ တစ်ချိန်တည်းတွင် ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၁၀၀ခန့်ကွာဝေးသော ဆာမာဝါမြို့မှ ရဲစခန်းတစ်ခုအပြင်ဘက်၌ ကားဗုံးပေါက်ကွဲခဲ့ကြောင်း ဆေးရုံမှ တာဝန်ရှိသူများ ပြောကြားချက်အရ မော်တော်ယာဉ်နှစ်စီး မီးလောင်ပေါက်ကွဲခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

တရုတ်ပြန်ကြားရေးဌာန နီပေါနိုင်ငံ၌ ဖွင့်လှစ်

ခတ္တမန္ဒူ ဇူလိုင် ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သတင်းပြန်ကြားရေးဆိုင်ရာ အမျိုးအစားများအားလုံးကို နီပေါပြည်သူတို့သိရှိစေရန်အတွက် အထောက်အကူပေးသည့်အနေဖြင့် နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူတွင် တရုတ်နိုင်ငံသတင်းပြန်ကြားရေးဌာနတစ်ခုကို သောကြာနေ့က ဖွင့်လှစ်ခဲ့ကြောင်း သည်ရီဆိုင်းနီပေါသတင်းစာက ဖော်ပြသည်။

အဆိုပါသတင်းပြန်ကြားရေးဌာနသည် ကွန်ပျူတာနှင့် အင်တာနက်များ၏ အကူအညီဖြင့် တရုတ်နှင့်နီပေါပြည်သူတို့အကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်ရေးကို အကူအညီပေးမည်ဖြစ်ကြောင်း၊ ယင်းဌာန၏ အကြီးအကဲဖြစ်သူ ဒီပက်ဆာကာက ပြောကြားကြောင်း ဖြင့်လည်း နီပေါနိုင်ငံအစိုးရပိုင် အင်္ဂလိပ်သတင်းစာက ဖော်ပြသည်။

ယင်းသတင်းပြန်ကြားရေးဌာနကို ထူထောင်ခြင်းဖြင့် အခြားအခွင့်အလမ်းများအနေဖြင့် တရုတ်နိုင်ငံတွင် သတင်းပြန်ကြားရေးဆိုင်ရာများကို လေ့လာဆည်းပူးနိုင်ရေးအထောက်အကူပြုမည် ဖြစ်သကဲ့သို့ တရုတ်နိုင်ငံကလည်း စီးပွားရေးများလုပ်ဆောင်နိုင်ရန် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်ကြောင်း ဆာကာက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘဂ္ဂဒက်ရှိ အဘူဂါရိုပ် အကျဉ်းစခန်းတွင် အီရတ်အကျဉ်းသားတစ်ဦးအား ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇူလိုင် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှုတိုက်ဖျက်ရေး နယ်ပယ်အားလုံး အင်ဒိုနီးရှားနှင့်ကနေဒါ ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇူလိုင် ၂

အကြမ်းဖက်မှုများကို ဖြေရှင်းရန်အတွက် နယ်ပယ်အားလုံးတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အရှိန်ဟုန်မြင့်ဆောင်ရွက်ရန် အင်ဒိုနီးရှားနိုင်ငံနှင့် ကနေဒါနိုင်ငံတို့က ကြာသပတေးနေ့တွင် သဘောတူညီခဲ့ကြသည်။

အကြမ်းဖက်မှုအမျိုးအစား အမျိုးမျိုးကို ဆန့်ကျင်သည့်ဥပဒေနှင့် လိုက်နာဆောင်ရွက်စေမှုများတွင်လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကို အထောက်အကူဖြစ်စေမည့် အခြားကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း အဆိုပါနှစ်နိုင်ငံက ဂျကာတာတွင် ပြုလုပ်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ထုတ်ပြန်ချက်ကို ဂျကာတာမြို့တွင် ပြုလုပ်သောအရှေ့တောင် အာရှနိုင်ငံများ အသင်း(အာဆီယံ) ဒေသဆိုင်ရာဖိုရမ်သို့ တက်ရောက်လာသော ကနေဒါနိုင်ငံခြားရေးဝန်ကြီး ဘီလ်ဂါဟမ်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရာဂျူဒါတို့က ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

နယ်စပ်ဒေသလမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းလမ်းပေါ်ရှိ ချောင်းကူးတံတားကို ဤသို့တည်ဆောက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းများ ပိုမိုကောင်းမွန်စေရန် စည်ပင်သာယာရေးအဖွဲ့က ဝက်ကုန်း-မံဖာ ကျေးရွာချင်းဆက်လမ်းကို ဤသို့ကျောက်ချောခင်း ဆောင်ရွက်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

အီလက်ထရွန်နစ် စာကြည့်တိုက်

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက် မင်းကျောင်းလမ်းတွင် ပြည်သူများ အသိအမြင်တိုးပွားစေရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော ခေတ်မီအီလက်ထရွန်နစ် စာကြည့်တိုက်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

မဲဇလီရေလှောင်ဆည်

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ တည်ဆောက်ထားသော မဲဇလီရေလှောင်ဆည်တွင် မြောက်မုန်းနှင့် တောင်မုန်းတူးမြောင်းမကြီးနှစ်ခု တည်ဆောက်ပေးခဲ့သဖြင့် ပွင့်ဖြူမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် စလင်းမြို့နယ်တို့ရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများကို အကျိုးပြုလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးစနစ်တကျပေါ်ထွန်းနေပြီဖြစ်ခြင်းကြောင့် မြန်မာအမျိုးသမီးများအတွက် ကြည်လင်တောက်ပသည့်အနာဂတ်ကို စတင်တွေ့မြင်နေရပြီ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ်အခမ်းအနားတွင် ထူးချွန်ဆုရ မှုခင်းတပ်ဖွဲ့(အင်းစိန်)မှ ရဲအုပ်အေးအေးသိန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ်အခမ်းအနားတွင် ထူးချွန်ဆုရ ကရင်ပြည်နယ် ဘားအံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ခွဲမှူး မနန်းခင်သန္တာလွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာဒေါ်မေမေရီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထောက်အကူပြုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါ်ခင်အေးဝင်းနှင့် အတွင်းရေးမှူး အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်းတာဝန်ခံများ၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့ အဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ထူးချွန်ဆုရရှိကြသည့် အမျိုးသမီးများ၊ အနုပညာရှင်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များ စုံညီစွာ တက်ရောက်ကြသည်။

အမျိုးသမီးတိုင်းဂုဏ်ယူဖွယ်

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြသလို မိမိတို့၏ အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရာမှာလည်း စံနမူနာယူဖွယ်ထူးခြားသည့် ယဉ်ကျေးမှုဓလေ့စရိုက်ကို ပိုင်ဆိုင်ထားသူများဖြစ်ကြကြောင်း၊ ထိုကဲ့သို့ လေးစားဂုဏ်ယူဖွယ်ဂုဏ်ဒြပ်များနှင့်ပြည့်စုံလှသည့် မြန်မာအမျိုးသမီးများကို ဂုဏ်ပြုတင်စားပြီး မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကိုကိုယ်စားပြုသည့် "မြန်မာအမျိုးသမီးများနေ့"ဟု ထူးခြားစွာ ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးထုကြီး၏ ထူးခြားကောင်းမြတ်သည့် ဂုဏ်ရည်တို့ကို ထိုက်တန်စွာ မော်ကွန်းကမ္ပည်းရေးထိုးပေးလိုက်ခြင်းဖြစ်သည့်အတွက် မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများနေ့ရယ်ဟုစတင်ဖြစ်ပေါ်လာခြင်းသည်လည်း မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်ကိုရှိထားပြီးဖြစ်သည့် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်ထိန်းသိမ်းရေး၊ သမိုင်းအစဉ်အလာရှိခဲ့သည့် မြန်မာအမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်တင်ပေးရေးစသည့်ရည်မှန်းချက်များဖြင့် မြန်မာအမျိုးသမီးရေးရာကော်မတီကို စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ၁၉၉၆ ခုနှစ် ဇူလိုင်၃ရက်နေ့ကိုဖော်ဆောင်သတ်မှတ်ခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် ကိုယ်စားပြုသည့် အလွန်အဓိပ္ပာယ်ရှိသော ဖော်ဆောင်မှုဖြစ်ကြောင်း။

တန်းတူရည်တူဆက်ဆံလျက်ရှိ

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် "အမျိုးသမီး"ဆိုသည့် ဂုဏ်ပုဒ်သည် ပင်ကိုအားဖြင့် ထူးခြားသည့် ကိုယ်ပိုင်ဂုဏ်ဒြပ်ရှိထားပြီးဖြစ်ခြင်းကြောင့် မြန်မာ့လူ့ဘောင်တွင် မြန်မာလူမျိုးတိုင်းက ထိုက်တန်သည့်နေရာပေးပြီး တန်းတူရည်တူဆက်ဆံလျက်ရှိကြကြောင်း။

မိခင်နှင့်ဖခင်တို့၏ ဂုဏ်ကျေးဇူးကို တန်းတူရည်တူထားပြီး အလေးအမြတ်ပြုထားသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း အမျိုးသမီးဆိုသည့် ဂုဏ်ပုဒ်သည် မိခင်တို့၏ မေတ္တာ၊ ကရုဏာနှင့် အကြင်နာတရားဆိုသည့် ဂုဏ်ရည်များကို ကိုယ်စားပြုထားပြီးဖြစ်သလို အိမ်ထောင်ဦးစီးဖြစ်သူ ဖခင်နှင့် ယှဉ်တွဲပြီး မိသားစုရေးရာများကို မောင်တစ်ထမ်း၊ မယ်တစ်ရွက် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် မိရိုးဖလာအစဉ်အလာကောင်းကို ထိန်းသိမ်းထားနိုင်သူများလည်း ဖြစ်ကြကြောင်း။

ကိုယ်ရည်ကိုယ်သွေးပြသနိုင်

အမျိုးသားများနှင့် တန်းတူလွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်၊ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မိမိဖန်တီးစွမ်းဆောင်နိုင်ခွင့် ရှိထားကြသည့်အတွက် မြန်မာအမျိုးသမီးထုကြီးသည် စွမ်းဆောင်ရည်ထူးချွန်ထက်မြက်ပြီး ကိုယ်ရည်ကိုယ်သွေးပြသနိုင်သည့် အခွင့်အလမ်းများလည်းရရှိထားပြီး ဖြစ်ကြောင်း။

သို့သော်လည်း တစ်ဖက်မှာ ဘာသာတရား၏အဆုံးအမများ၊ အပြန်အလှန်စောင့်စည်းထိန်းသိမ်းရမည့် လူမှုကျင့်ဝတ်များ၊ ဟီရိသြတ္တပ္ပတရားနှစ်ပါးကိုအခြေခံသည့် ယဉ်ကျေးသိမ်မွေ့သည့် ဓလေ့စရိုက် အစဉ်အလာများ၏ ထိန်းကွပ်မှုများကြောင့် မြန်မာအမျိုးသမီးများသည် ဣန္ဒြေသိက္ခာစောင့်စည်းပြီး မိမိကိုယ်မိမိ မာန်မာနကင်းစွာ နှိမ့်ချဆက်ဆံခြင်း၊ အမျိုးသားများအပေါ် အလေးအမြတ်ထား နေရာပေးဆက်ဆံခြင်းတို့သည် မြန်မာအမျိုးသမီးတိုင်း လိုက်နာကျင့်သုံးလေ့ရှိကြသည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်း တစ်ရပ်ပင်ဖြစ်ကြောင်း။

အမျိုးသားများနှင့်ရင်ပေါင်တန်း

ထို့ကြောင့်လည်း ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းအစဉ်အဆက်တွင် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးသိမ်မွေ့သည့် စရိုက်ရှိသော်လည်း အရည်အသွေးနှင့်စွမ်းဆောင်ရည်တို့မှာ အမျိုးသားများနှင့် မခြားထက်မြက်မြင့်မားခဲ့ကြကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ရာတွင်လည်း အမျိုးသားများနှင့် တန်းတူရည်တူကြည်ဖြူစွာ ယှဉ်တွဲဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထူးချွန်ထက်မြက်သည့် အမျိုးသမီးစွမ်းဆောင်ရှင်များသည် အမျိုးသားများနှင့် ရင်ပေါင်တန်းပေါ်ထွန်းလာနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာအလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ်နှင့် တင့်တင့်တယ်တယ်ဝင့်ဝင့်ကြွားကြွား ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေးတို့အတွက်

မြန်မာ့ အားကစား ကဏ္ဍမှ နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီး စွမ်းဆောင်ရှင် ခိုင်ခိုင်မော်၏ ဝူရှူး ကစားဟန်။ (ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

တစ်မျိုးသားလုံးက စုစည်းညီညွတ်သည့်စွမ်းပကားနှင့် တက်ညီလက်ညီ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်အထူးလိုအပ်နေသည့်အချိန်အခါဖြစ်ကြောင်း။

ပါဝင်စွမ်းဆောင်နိုင်

ထိုအခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများကဏ္ဍ၏ အရေးပါမှုနှင့်အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ရေးတွင် အမြဲထာဝရ တက်ကြွထက်မြက်စွာ ပါဝင်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားနှင့် အစဉ်အလာကောင်းများကို တန်ဖိုးထားအလေးအမြတ်ပြုပြီး အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာအမျိုးသမီးများ ထိုက်တန်သည့် အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နိုင်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

၁၉၉၆ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ်နှင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားအဆင့်ကနေ စနစ်တကျ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်သွားမည့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာကော်မတီများကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းထူထောင်ပေးသည့်အတွက် ယင်းအမျိုးသမီးရေးရာကော်မတီ အဆင့်ဆင့်၏ စည်းရုံးစီမံဆောင်ရွက်မှုများကြောင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် ပိုမိုတိုးတက်မြင့်မားလာခဲ့သလို ပိုမိုစနစ်ကျနပြီး အမျိုးသားရေးအနှစ်သာရနှင့်လည်း ပိုမိုပြည့်စုံလာခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ထိုကဲ့သို့ မြန်မာအမျိုးသမီးများကဏ္ဍ ပြန်လည်တစ်ခေတ်ဆန်းသစ်ပြီး မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့် စွမ်းဆောင်ရည်နှင့် ကောင်းမြတ်သည့်အစဉ်အလာကောင်းများ ပြန်လည်တောက်ကြွားရှင်သန်ဖွံ့ဖြိုးနေသည့် အခြေအနေ အချိန်အခါကောင်းတွင် အမျိုးသမီးစွမ်းအားစုကြီး တစ်ရပ်လုံး ကျယ်ကျယ် ပြန့်ပြန့်ပါဝင်သည့်အပြင် အမျိုးသမီးများကိုယ်တိုင်ဦးဆောင်ပြီး စနစ်တကျ တာဝန်ခွဲဝေဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအဖြစ်နှင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာ၂၀ရက်တွင် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့စုစည်းခိုင်မာပြီး စည်းလုံးညီညွတ်သည့် အမျိုးသမီးများ၏ အားကိုးအားထားပြုရာ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပေါ်ထွန်းလာခြင်းသည် သမိုင်းအစဉ်အလာကြီးမားတောက်ပြောင်ခဲ့သည့် မြန်မာအမျိုးသမီးထုကြီး၏ ဂုဏ်ဒြပ်နှင့်ဆီလျော်ထိုက်တန်လှသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်ဟု ဆိုရမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အဆင့်အတန်းမရွေး၊ အလွှာမရွေး မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးကိုလိုလားသူ အမျိုးသမီးတိုင်း၊ အမျိုးချစ်သူအမျိုးသမီးတိုင်း မိမိဆန္ဒရှိခဲ့လျှင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပြီး ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဖွဲ့စည်းဆောင်ရွက်နိုင်သည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ခြင်းကြောင့် စည်းရုံးဖွဲ့စည်းမှုမှာသာမက လှုပ်ရှားဆောင်ရွက်မှုမှာပါ ပိုမိုသွက်လက်ထက်မြက်ပြီး စွမ်းအားပိုမိုကြီးမားကျယ်ပြန့်ထိရောက်သည့်အားလျော်စွာ မြန်မာအမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းရေးအတွက် အားတက်သရော တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် ဖြစ်ထွန်းတည်ရှိပြီးသည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိခံစားနိုင်စေရေး၊ မြန်မာအမျိုးသမီးအခွင့်အရေးများ ခေတ်ကာလနှင့်အညီ ဆက်လက်တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစသည့် ကဏ္ဍများခွဲခြားပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့အပြင် အမျိုးသမီးများ ကဏ္ဍနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်း သိမ်မွေ့နက်နဲသော ပြဿနာများမရှိသေးသော်လည်း နိုင်ငံတကာတွင် အထူးအာရုံစူးစိုက်ဆောင်ရွက်နေကြသည့် အမျိုးသမီးများ အကြမ်းဖက်ခံရမှု၊ လူကုန်ကူးခံရမှုပြဿနာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးငယ်ရွယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးရေးစသည့် လုပ်ငန်းကဏ္ဍများကိုပါ အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အမျိုးသမီးငယ်ရွယ်များကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး-

- **အမျိုးသမီးများ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊**
- **အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရေး၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊**
- **အမျိုးသမီးများနဲ့ ကလေးသူငယ်များအား လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့်ပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရေး၊**
- **တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရေး**

ဆိုသည့် တိကျခိုင်မာမွန်မြတ်သည့် ရည်ရွယ်ချက်များထားရှိပြီး တစ်နိုင်ငံလုံးဖြန့်ကြက်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ကြောင်း။

ဖြည့်ဆည်းပေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနှင့် စည်းရုံးရေးနှင့် တိုင်းရင်းသားရေးရာကဏ္ဍများပါတိုးချဲ့ပြီး စည်းရုံးလှုပ်ရှားဆောင်ရွက်နေသလို အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်များကိုယ်တိုင် နယ်စပ်အစွန်အဖျားဒေသများသို့ သွားရောက်ပြီး တိုင်းရင်းသူ အမျိုးသမီးငယ်ရွယ်များနှင့်ထိတွေ့ကာ အမျိုးသမီးငယ်ရွယ်များနှင့် မိဘများကို စီးပွားရေးသမားအချို့၏ ဖြားယောင်းသွေးဆောင်မှုကြောင့် နားယောင်ပြီး လွဲမှားသည့် အယူအဆများ မဝင်ရောက်စေရေးနှင့် လမ်းမှားမလိုက်မိစေရန် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တားဆီးကာကွယ်ရေးအစီအမံများ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးရေးနှင့် မိသားစုစီးပွားရေး အထောက်အကူပြုရေး အစီအမံများကိုပါ ယှဉ်တွဲဖြည့်ဆည်းဆောင်ရွက်ပေးလျက်လည်းရှိသည်ကို တွေ့ရကြောင်း။

သို့သော်လည်း ဝိသမစီးပွားရေးသမားများ၏ လိမ်ညာလှည့်ဖြားမှုများအပြင် တစ်ဖက်နိုင်ငံ နယ်စပ်ဒေသများတွင် လူမှုရေးအဖွဲ့အစည်းအမည်ခံပြီး နိုင်ငံရေးလုပ်စားနေကြသည့် မသမာသူများ၏သွေးဆောင်ဖြားယောင်းမှုများ၊ လူမျိုးရေး သွေးခွဲသပ်လျှိုမှုများကြောင့် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများ တိုးပွားဖြစ်ပေါ်လာနိုင်မည့် အခြေအနေများ၊ နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအကြောင်းပြချက်ဖြင့် စီးပွားရေးပိတ်ဆို့မှုများကြောင့် ဝိသမလောဘသားများ၏ သွေးဆောင်ဖြားယောင်းမှုနောက် လွဲမှားရောက်ရှိသွားနိုင်သည့်အခြေအနေများကြောင့် တိုင်းရင်းသူအမျိုးသမီးငယ်များ လမ်းမှားရောက်မသွားစေရအောင် မိမိတို့၏ ပညာပေးစည်းရုံးမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

တောက်ပသည့်အနာဂတ်

မည်သို့ပင်ဆိုစေကာမူ ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အမျိုးသမီးအခွင့်အရေးနှင့်အခွင့်အလမ်းများ အစွမ်းကုန်ပွင့်လင်းလျက်ရှိသည်သာမက မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအားထက်မြက်ခိုင်မာသော တိုင်းကျိုးပြည်ဆောင်အပြုသဘောစွမ်းအားစုကြီးတစ်ရပ်အဖြစ် ပီပီပြင်ပြင်ဖြစ်ထွန်းလာရေးတို့အတွက် အမျိုးသမီးများကိုယ်တိုင်ဦးဆောင်စည်းရုံးတာဝန်ယူဆောင်ရွက်သွားမည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည်လည်း စနစ်တကျပေါ်ထွန်းနေပြီဖြစ်ခြင်းကြောင့် မြန်မာအမျိုးသမီးများအတွက် ကြည်လင်တောက်ပသည့် အနာဂတ်ကိုစတင်တွေ့မြင်နေရပြီဟု ဆိုနိုင်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအနေနှင့်အဖွဲ့ချုပ်ကြီး၏ မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်များနှင့်အညီ မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုတိုးတက်မြင့်မားစေရန်၊ ဇာတိမာန်ထက်သန်သော၊ ယဉ်ကျေးသိမ်မွေ့သော၊ မြန်မာမှုကိုမြတ်နိုးသော၊ဘက်စုံဖွံ့ဖြိုးတိုးတက်သော၊စွမ်းဆောင်ရည်ပြည့်ဝ ထက်မြက်သော မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရန်ဆက်လက်ပြီး စည်းရုံးဦးဆောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရေး မှာကြားလိုကြောင်း။

တက်ညီလက်ညီကြိုးပမ်း

အထူးသဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာအမျိုးသမီးငယ်ရွယ်များအကြား အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းတတ်သည့် စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့နှင့်တကွ ကိုယ့်နိုင်ငံကိုယ့်လူမျိုး တိုးတက်ကြီးပွားရေးကိုသာ လိုလားသည့် အမျိုးသားရေး စိတ်ဓာတ်နှင့်အားမာန်များ အစဉ်ထာဝရ ထွန်းကားပြန့်ပွားခိုင်မာစေရအောင် တက်ညီလက်ညီကြိုးပမ်းသွားကြပါဟု ထပ်လောင်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် မိမိနိုင်ငံသူနိုင်ငံသားပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးမှန်ကန်သော ကြိုးပမ်းအားထုတ်စွမ်းဆောင်မှုများဖြင့်သာ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးကို ဖော်ဆောင်ပေးနိုင်မှာဖြစ်ခြင်းကြောင့် မိမိပြည်သူများ၏စွမ်းအားဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုစွမ်းဆောင်နိုင်မည်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာထိန်းသိမ်းမှုကိုကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဟုလည်းအခိုင်အမာယုံကြည်ထားကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ် အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

အလာကောင်းများနှင့်အညီ အမျိုးသားများနှင့်လက်တွဲပြီး နိုင်ငံတော်၏ ဦးဆောင်မှုအောက်မှာ ရှုပ်ရှုပ်ချွံချွံတက်တက်ကြွကြွ ညီညီညွတ်ညွတ် ကြိုးပမ်းစွမ်းဆောင်ကြရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အမျိုးသားရေးအတွက် စုစည်းခိုင်မာသည့် စွမ်းအားစုများ ထူထောင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်နေသည့် အချိန်အခါသမယတွင် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ အလံတော်အောက်တွင် စည်းလုံးညီညွတ်သော အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပီပြင်ခိုင်မာစွာ ရပ်တည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံ့ဂုဏ်သိက္ခာမြင့်မား

အမျိုးသမီး၊ အမျိုးသားမခွဲခြားဘဲ နိုင်ငံသူနိုင်ငံသားတိုင်းက မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ထက်သန်သည့် အမျိုးသားရေးအာသီသဖြင့် အမြဲမပြတ်ကြဲဆောင် ကြိုးပမ်းနေမည်ဆိုပါက တိုင်းရင်းသား ပြည်သူတိုင်းက ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်ခိုင်မာမာမွေးပြီး သူတစ်ပါး ဩဇာခံမဖြစ်ရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ကြမည်ဆိုပါက ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာသည် ယနေ့ကမ္ဘာတွင် ထာဝရဝင့်ကြွား မြင့်မားနေမှာဖြစ်ကြောင်း။

ထို့ကြောင့် သမိုင်းအစဉ်အဆက်၌ အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုရက္ခိတစိတ်ဓာတ် အစဉ်ထာဝရ ထက်သန်မြင့်မားလာခဲ့သည့် မြန်မာအမျိုးသမီး ထုကြီးတစ်ရပ်လုံးက မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးဂုဏ်ဇာတိဂုဏ်ကိုစောင့် ရှောက်မြှင့်တင်နိုင်စေရန်အတွက် ခိုင်မာပြတ်သားသော အမျိုးသားရေးစိတ်ဓာတ် နှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးပြီး ညီညွတ်တက်ကြွစွာ ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် အမျိုးကိုချစ်သည့် မြန်မာအမျိုးသမီးထုကြီးကို ပြောကြားလိုသည်မှာ-

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးနှင့် ထိုက်တန်စွာဖြစ်ထွန်းလာခဲ့သည့် "မြန်မာအမျိုးသမီးများနေ့" ကို အမွန်အမြတ်ထားပြီး မြန်မာပီသသော မြန်မာအမျိုးသမီးစစ်စစ်များ၏ ထူးခြားကောင်းမြတ်သည့် ဂုဏ်ရည်များကို ထိန်းသိမ်းကြိုးပမ်းမြှင့်တင်သွားကြပါ၊

မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့်စွမ်းရည်ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ အလံတော်အောက်တွင် အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ စုစည်း စည်းရုံးပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ထိုက်တန်စွာ ပါဝင်ကြိုးပမ်းစွမ်းဆောင်သွားကြပါ၊

အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရန် မြန်မာအမျိုးသမီးများ၏ ထူးခြားကောင်းမြတ်သော အစဉ်အလာများနှင့်အညီ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ

ဟု တိုက်တွန်း ပြောကြားသွားသည်။

ဦးစားပေးအဆင့်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် စုစုပေါင်း လူဦးရေ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ကြကြောင်း၊ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးအဆင့်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကိုယ့်နိုင်ငံကိုယ့်လူမျိုး၏ ယဉ်ကျေးမှုကိုထိန်းသိမ်းပေးသည့် အစဉ်အလာကောင်းများရှိနေခြင်းသည် မြန်မာအမျိုးသမီးများ၏ချစ်ခင်ဖွယ်ကောင်းသောဓလေ့နှင့် ဂုဏ်ယူဖွယ်ကောင်းသည့်အမူအကျင့်များဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ နှစ်ပေါင်းထောင်ချီရှည်လျားသည့် မြန်မာ့သမိုင်းကြောင်း တစ်လျှောက်မှာ ရိုးသားဖြူစင်သောသဘောထားဖြင့် အမျိုးသား၊ အမျိုးသမီးမရွေး လူသားအချင်းချင်း တန်ဖိုးထားလေးစားမှု၊ အချင်းချင်း အပြန်အလှန်စာနာထောက်ထားမှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှုတို့ကို အခြေခံသည့် မြန်မာ့လူမှုတန်ဖိုး၊ မြန်မာ့လူမှုနှုန်းစံစစ်စစ်တို့နှင့်အညီ စည်းလုံးညီညွတ်သော အမျိုးသားနိုင်ငံတော်ကြီး တစ်နည်းအားဖြင့် ပြည်ထောင်စုကြီးကို တစ်ဆင့်ပြီးတစ်ဆင့် အောင်အောင်မြင်မြင် ခိုင်ခိုင်မာမာထူထောင်လာနိုင်ခဲ့ကြပြီးဖြစ်ကြောင်း။

မှတ်တိုင်စိုက်ထူ

၁၉၈၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့မှာ ကျင်းပသည့် စတုတ္ထအကြိမ် အမျိုးသမီးညီလာခံကြီးက အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရား (National Machinery) တစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်ရန် ချမှတ်ခဲ့သည့်အလျောက် နိုင်ငံတော်အစိုးရက ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ အဆိုပါကော်မတီ စတင်ဖွဲ့စည်းသည့် ဇူလိုင် ၃ ရက်နေ့ကို "မြန်မာအမျိုးသမီးများနေ့"ဟု သတ်မှတ် ခဲ့၍ မြန်မာအမျိုးသမီးသမိုင်းတွင် ဂုဏ်ယူထိုက်သည့် မှတ်တိုင်တစ်ခု စိုက်ထူပေးသည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း။

ရဲနှယ်ချောင်းတံတားကို မြန်မာအမျိုးသမီးအင်ဂျင်နီယာများ ဦးစီးတည်ဆောက်ခဲ့ရာ အာဆီယံအဖွဲ့ဝင်များမှ အင်ဂျင်နီယာအသင်းများ၏ ၂၀၀၃ ခုနှစ် (၂၁)ကြိမ်မြောက်ညီလာခံတွင် ထူးချွန်ဆု ဆွတ်ခူးပေးနိုင်ခဲ့ကြသည့် အမျိုးသမီးစွမ်းဆောင်ရှင် မြန်မာအင်ဂျင်နီယာများ ဆုယူအပြီး ပြည်တော်ပြန်ခရီး။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အောင်အောင်မြင်မြင်ကျင်းပနေ

ရှေ့အနာဂတ်တွင်လည်း သမိုင်းအစဉ်အလာကောင်းများနှင့်အညီ မြန်မာ့အမျိုးသားရေးစရိုက်လက္ခဏာ၊ မြန်မာ့လူမှုတန်ဖိုး၊ မြန်မာ့လူမှုနှုန်းစံ၊ မြန်မာ့ယဉ်ကျေးမှုတို့ကို အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ ပင်ကိုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားနိုင်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ထားပြီး ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားရေးညီလာခံကြီးကိုလည်း အောင်အောင်မြင်မြင် ကျင်းပနေပြီ ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ကာလဖြစ်သည့် နိုင်ငံတော်သစ်ထူထောင်ရေး ကြိုးပမ်းမှုကာလတွင် မြန်မာအမျိုးသမီးထုကြီးကလည်း သမိုင်းအစဉ်အဆက်က အစဉ်

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ ဘဝတိုးတက်ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများဖြစ်သော ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊ အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြား/ဆက်သွယ်ရေး၊ ယဉ်ကျေးမှုထိန်းသိမ်း ရေး၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး၊ ဥပဒေများပြန်လည်သုံးသပ် အကြံ ပေးရေး၊ အမျိုးသမီးငယ်/ရွယ်ဘက်စုံဖွံ့ဖြိုးရေးနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး စသည့် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းပြီး ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဗဟိုအဆင့် ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်ထိရောက်ရှိအောင် လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း။ ***စာမျက်နှာ ၁၀ ကော်လံ ၁***

4-7 (09).p65 1 03/26/1905, 10:45 PM

စာမျက်နှာ ၉ မှ

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီက ၁၉၉၉ ခုနှစ်တွင် ရှေးခေတ် တော်ဝင်အမျိုးသမီးကြီးများ၏စိတ်ဓာတ်ကို ယခုခေတ် အမျိုးသမီးငယ်/ရွယ်များ စံနမူနာထားစေရန်နှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်ချက်ဖြင့် တော်ဝင်နှစ်ပါးသွားကဇာတ်ကို အမျိုးသားကဇာတ်ရုံကြီးတွင် တင်ဆက်ကပြခဲ့ပါကြောင်း၊ ၂၀၀၁ ခုနှစ်တွင် ခေတ်ဟောင်းဂန္ထဝင်တေးများ ပြန်လည်ဖော်ထုတ်ပြီး မြန်မာ့ရိုးရာသံစဉ်တေးသွားများကို ထိန်းသိမ်းတတ်စေရန်အတွက် ခေတ်ဟောင်းဂန္ထဝင်တေးဂီတဖျော်ဖြေပွဲကို အမျိုးသားကဇာတ်ရုံ၌ပင် တင်ဆက်ခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသမီးများ၏ ပါဝင်စွမ်းဆောင်မှုကိုသိရှိစေရန် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ "မြန်မာအမျိုးသမီးများ၏ကြိုးပမ်းစွမ်းဆောင်မှုပြပွဲ"ကို အောင်မြင်စွာကျင်းပခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ် မေလတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး အမျိုးသားအဆင့် ဆွေးနွေးပွဲ (National Seminar on Trafficking in Persons) နှင့် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ (National Seminar on Women and Sports) အစရှိသည်တို့ကို ကျင်းပနိုင်ခဲ့ပါကြောင်း။

အနီးကပ်ဆွေးနွေး

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များသည် ၂၀၀၂ ခုနှစ်တွင် ပြည်နယ်၊တိုင်းများသို့ကွင်းဆင်း၍ ဒေသခံ သွေးချင်းသားချင်း တိုင်းရင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၎င်းအပြင် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ အမျိုးသမီးငယ်/ရွယ်လေးများနှင့်ပါ ရင်းနှီးပွင့်လင်းစွာ အနီးကပ် တွေ့ဆုံဆွေးနွေးခဲ့ကြပါကြောင်း။

ယင်းနောက် အမျိုးသမီးများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာလွှမ်းခြုံနိုင်ရန်နှင့် လုပ်ငန်းသဘာဝချင်း တူညီသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများနှင့်လည်း ပိုမိုထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် "မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး"ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးကဏ္ဍများကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်(၇)ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးရေးရာအဆင့်ဆင့်လုပ်ငန်းအဖွဲ့များတွင် ပြည်နယ်၊ တိုင်းအဆင့်မှသည် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ပါဝင်ဆောင်ရွက်နိုင်မည့် စေတနာ့ဝန်ထမ်းအမျိုးသမီးများနှင့်စနစ်တကျ

လမ်းအကျဉ်းအကျပ် ဖြစ်၍ ကားဝင်ရန်ခက်ခဲသော နေရာများတွင် မီးငြိမ်းသတ်ကယ်ဆယ်နိုင်ရေးအတွက် မော်တော်ဆိုင်ကယ်ဖြင့် လေ့ကျင့်နေသော အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး၏ စွမ်းရည်ပြဟန်။ (ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားရှိကာ လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကဲ့သို့ပင် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေသည့် အခြားလူမှုရေးအဖွဲ့အစည်းများလည်းရှိကြောင်း၊ ၎င်းတို့အနက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် အခြားအမျိုးသမီးလူမှုရေးအဖွဲ့အစည်းများကလည်း တူညီသောရည်ရွယ်ချက်များနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အခမဲ့ခွဲစိတ်ကုသပေး

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် အမျိုးသမီးများ၏ကျန်းမာရေး၊ ပညာရေးနှင့် မိသားစုဘဝ အဆင့်အတန်းမြင့်မားရေးကို ရှေးရှုလျက် ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီး၏ အဓိကလုပ်ငန်းသုံးရပ်မှာ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်ကြောင်း၊ ထိုလုပ်ငန်းများတွင် ပြည်သူလူထုအတွက် အထူးအလေးထားဆောင်ရွက်နေသည့် မျိုးဆက်ပွားကျန်းမာရေး၊ HIV/AIDS ကာကွယ်တားဆီးရေး၊ အမျိုးသမီးကင်ဆာရောဂါ စောစီးစွာရှာဖွေပေးရေးနှင့် မွေးရာပါအင်္ဂါချို့ယွင်းသောသူများကို အခမဲ့ခွဲစိတ်ကုသပေးခြင်းများပါဝင်ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကဲ့သို့ပင် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေသည့် အခြားလူမှုရေးအဖွဲ့အစည်းများလည်းရှိကြောင်း၊ ၎င်းတို့အနက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် အခြားအမျိုးသမီးလူမှုရေးအဖွဲ့အစည်းများကလည်း တူညီသောရည်ရွယ်ချက်များနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း။

အားသွန်ခွန်စိုက်ဆောင်ရွက်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် မိသားစုဘဝ အဆင့်အတန်းမြင့်မားရေးကို ရှေးရှုလျက် ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီး၏ အဓိကလုပ်ငန်း(၃)ရပ်မှာ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်ကြောင်း၊ ထိုလုပ်ငန်းများတွင် ပြည်သူလူထုအတွက် အထူး အလေးထားဆောင်ရွက်နေသည့် မျိုးဆက်ပွားကျန်းမာရေး၊ HIV/AIDS ကာကွယ်တားဆီးရေး၊ အမျိုးသမီးကင်ဆာရောဂါ စောစီးစွာ ရှာဖွေပေးရေးနှင့် မွေးရာပါအင်္ဂါ ချို့ယွင်းသောသူများကို အခမဲ့ခွဲစိတ်ကုသပေးခြင်းများ ပါဝင်ကြောင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ချို့တဲ့ကလေး ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူကြိုကျောင်းများဖွင့်လှစ်ပေးခြင်းတို့အပြင် စာတတ်မှုနှုန်းတိုးမြှင့်ပေးရန် 'အ'သုံးလုံးကျေသင်တန်းများဖွင့်လှစ်၍ စာသင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် လူမှောင်ခိုကုန်ကူးမှု လျော့နည်းပပျောက်ရေးနှင့် ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းများတို့ကို ထည့်သွင်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်မည့် ယနေ့လူငယ်လူရွယ်များကိုပါ ပြုစုပျိုးထောင်ရေးအစီအစဉ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းအနေနှင့်လည်း အမျိုးသမီးများအား စီးပွားရေးဆိုင်ရာပညာရပ်များအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များဖိတ်ခေါ်သင်တန်းပေးခြင်းနှင့် ဝင်ငွေနည်းသော မိသားစုများအတွက် အသေးစားချေးငွေများ ထုတ်ပေးခြင်း၊ အလုပ်ရှာဖွေပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနေကြောင်း။

ပြုစုပျိုးထောင်

အမျိုးသမီးအားကစားအဖွဲ့ချုပ်ကလည်း တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးအားကစားမယ်များ ပေါ်ထွက်လာရေးအတွက် ပြုစုပျိုးထောင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း။

အခြားလူမှုရေးအမျိုးသမီးအဖွဲ့အစည်းများအနေနှင့်လည်း အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမြတ်သော ရည်ရွယ်ချက်များထားရှိကာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် အစဉ်အဆက်ရိုးရာယဉ်ကျေးမှုကို ကြာရှည်စွာ ထိန်းသိမ်းနိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၏ ယဉ်ကျေးမှုကိုထိန်းသိမ်းပေးသည့် အစဉ်အလာကောင်းများ ရှိနေခြင်းသည်လည်း မြန်မာအမျိုးသမီးများ၏ ချစ်ခင်ဖွယ်ကောင်းသည့်ဓလေ့၊ဂုဏ်ယူဖွယ်ကောင်းသည့် အမူအကျင့်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းတတ်စေဖို့ အမျိုးသမီးငယ်ရွယ်များကို နည်းမျိုးစုံဖြင့် ပညာပေးလျက်ရှိကြောင်း၊ ထိုသို့ ပညာပေးရာတွင် မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် အခွင့်အရေး တန်းတူရရှိထားပြီးဖြစ်သည့်အတွက် အချို့နိုင်ငံများစွာကဲ့သို့ အမျိုးသမီးများ၏ အခွင့်အရေးကို အတင်းအကျပ် တောင်းဆိုရန် မလိုကြောင်း၊ သို့သော် မြန်မာတို့၏ ယဉ်ကျေးမှု ထုံးတမ်းဓလေ့များအရ အမျိုးသမီးများသည် အိမ်ထောင်ဦးစီးဖြစ်ကြသည့် ယောကျ်ားများအပေါ် လွှမ်းမိုးနေရာယူလေ့မရှိသည့်အပြင် အိမ်ဦးနတ်သဖွယ် လေးလေးစားစား ဆက်ဆံကြကြောင်း၊ ထိုအပြုအမူများကို ပြည်ပအမြင်အားဖြင့် အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူအခွင့်အရေး မရကြဘူးဟု ထင်နေကြပါကြောင်း၊ အမှန်တကယ်အားဖြင့် ပြည်ပ၏ အမြင်လွဲမှားနေကြခြင်းသာ ဖြစ်ပါကြောင်း၊ အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်အသွင်သို့ ကူးပြောင်းနေသည့် အမိနိုင်ငံတော်အတွင်းမှာ သာယာချမ်းမြေ့သည့်ဘဝနှင့် အေးချမ်းပျော်ရွှင်စွာနေကြသည့် မိမိတို့ မြန်မာအမျိုးသမီးများအဖို့ လွန်စွာဂုဏ်ယူဖွယ်ကောင်းလှကြောင်း။

ပူးပေါင်းပါဝင်

ထို့ကြောင့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားမှုနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးတို့အတွက် အမျိုးသမီးထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါစို့ဟု ဖိတ်ခေါ်ရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသွားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်းက ၂၀၀၃ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး ခြောက်ဘာသာ ရမှတ်ပေါင်း ၅၅၃ မှတ်ဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ပထမအဆင့်ဖြင့် အမှတ်အများဆုံးရရှိအောင်မြင်ခဲ့သူ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသူ မခိုင်သက်ဆုအားလည်းကောင်း၊ မီးဘေး၊ ရေဘေး၊ သဘာဝဘေးအန္တရာယ်များ ကယ်ဆယ်ခြင်းလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့သည့်အပြင် ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲသို့ နှစ်ကြိမ်တက်ရောက်ခဲ့ပြီး စွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကာ ကြက်ခြေနီသင်တန်းများအား မြို့ပေါ်တွင်သာမက ကျေးရွာအထိ သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့သူ ဘားအံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ခွဲမှူး မနန်းခင်သန္တာလွင်အားလည်းကောင်း၊ ပြည်သူများစိတ်ဝင်စားသော အရေးကြီးမှုခင်းများအား ဖော်ထုတ်နိုင်ခဲ့ကာ အချိန်တိုအတွင်း မှုခင်းဖော်ထုတ်နိုင်ခြင်း၊ လုပ်ငန်းအပေါ် အာရုံစူးစိုက်မှုရှိခြင်း၊ စေတနာထားမှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ လုပ်ငန်းကျွမ်းကျင်မှုတို့ဖြင့် အမျိုးသားများနှင့်တန်းတူ မှုခင်းများဖော်ထုတ်နိုင်ခဲ့သည် သာမက အခြားအမျိုးသမီးတပ်ဖွဲ့ဝင်များအား စံနမူနာထားလောက်အောင် စွမ်းဆောင်နိုင်သည့် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် မှုခင်းတပ်ဖွဲ့(အင်းစိန်)မှ ရဲအုပ်အေးအေးသိန်းအားလည်းကောင်း၊ အထပ်မြင့်အဆောက်အအုံများ မီးလောင်လျှင် ဒုက္ခကြုံတွေ့ရမည့် လူအများ၏အသက်ကို ကယ်ဆယ်လိုသော လူမှုရေးအခြေခံစိတ်ဖြင့် အခြားတပ်ဖွဲ့ဝင်များပါ ကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ ထက်မြက်ပြည့်ဝလာစေရန် လျှပ်တစ်ပြက် ကယ်ဆယ်နိုင်ရေးလုပ်ငန်းများကို ထူးချွန်စွာလုပ်ဆောင်နိုင်ခဲ့ရုံသာမက တပ်ဖွဲ့ဝင်များအား သရုပ်ပြသခြင်း အကြိမ် ၈၀၀ ကျော် ဆောင်ရွက်ခဲ့သူ ထူးချွန်အမျိုးသမီးမီးသတ်တပ်ဖွဲ့ဝင် မီးသတ်ဦးစီးဌာနချုပ်မှ ဒုတိယတပ်ကြပ်မိုးမိုးစိုးအားလည်းကောင်း၊ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ် အာဆီယံနိုင်ငံများ၏ မသန်စွမ်းအားကစားပြိုင်ပွဲများ၌ လုံတံပစ်၊ သံပြားပစ်၊ သံလုံးပစ်နှင့် အလျားခုန်ပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် ထူးချွန်အမျိုးသမီး မသန်စွမ်းအားကစားမယ် မနန်းမစိန်အားလည်းကောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် ထူးချွန်အမျိုးသမီးအားကစားမယ် မခိုင်ခိုင်မော်အားလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဧည့်သည်တော်များအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးစီစဉ်တင်ဆက်သည့် ပြန်ကြား/ဆက်သွယ်ရေးအဖွဲ့မှ ဒါရိုက်တာဒေါ်ရိုးရိုး ရိုက်ကူးသည့် 'လေကိုဆန်၍ ပျံလေသော်' ပညာပေးဗီဒီယိုကားကို ပြသသည်။

နှုတ်ဆက်အားပေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပြည်တွင်းဖြစ် အဝတ်အထည်များဖြင့် ဆင်ယင်ထုံးဖွဲ့မှုများကို ပြသသည့် အမျိုးသမီးများဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပါဝင်ခဲ့ကြသော မျိုးဆက်သစ်ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အမျိုးသမီးရေးရာ လှုပ်ရှားမှုဓာတ်ပုံပြကွက်များ၊ အမျိုးသမီးရေးရာနှင့်ပတ်သက်သော စာအုပ်စာတမ်းများနှင့် မဂ္ဂဇင်းများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန (၁၂)နှစ်ပြည့်နှင့် လယ်ယာစီးပွားသတင်း (၄)နှစ်ပြည့် အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁ရက်နံနက် ၅နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေ လမ်းသွယ်ရှိ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန အဆောက်အအုံသစ်ခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာစီးပွားသတင်းအယ်ဒီတာချုပ်နှင့် အယ်ဒီတာအဖွဲ့ဝင်များ၊ ပင်တိုင်ဆောင်းပါးရှင်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ကြော်ငြာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အရဏ်ဆွမ်းဆက်ကပ်

အခမ်းအနားတွင် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်နှင့် တာဝန်ရှိသူများက ပင့်သံဃာတော်ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။

ထို့နောက် လယ်ယာစီးပွားသတင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ကန်တော့ခံ သက်ကြီးစာပေပညာရှင် သောကြာဦးမောင်ကလေး အပါအဝင် အပတ်စဉ်ထုတ် လယ်ယာစီးပွားသတင်းပင်တိုင် ဆောင်းပါးရှင်များ၊ အယ်ဒီတာချုပ် မြတ်စိုး(လှိုင်)နှင့် အယ်ဒီတာအဖွဲ့ဝင်များ၊ ဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်သည်။ **(သတင်းစဉ်)**

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဝန်ကြီးဦးဝင်းအောင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှပြန်ရောက် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့တက်ရောက်ခဲ့

ရန်ကုန် ဇူလိုင် ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇွန် ၂၉ရက်မှ ဇူလိုင် ၂ရက်အထိ ကျင်းပခဲ့သည့် (၃၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ(အေအာရ်အက်ဖ်)၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံမှတစ်ဆင့် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Wyoso Prodjowarsito နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြန်လည်လိုက်ပါ

နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဌာနကြီးမှူး ဗိုလ်မှူးကြီးစည်သူ၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်ဆွေနှင့် နိုင်ငံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များတိုးမြှင့်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှုကော်မတီ(၁၁)ကြိမ်မြောက်စည်းဝေး

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှုကော်မတီ (၁၁)ကြိမ်မြောက်အစည်းအဝေး (11th Meeting of the Joint Committee on ASEAN Cooperation in Agriculture and forest Promotion Scheme) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် ခန်းမဆောင်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွှန့်တင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ အာဆီယံ Secretariat ရုံးမှ Mr. Rony Soerakoesoe Mah နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်နှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် အစည်းအဝေး တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဝန်ကြီးများနှင့် အစည်းအဝေး တက်ရောက်လာကြသော အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်နှင့် အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များသည် National Commercial Enterprise Ltd.၏ The Best Myanmar Green Tea ပြကွက်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ပဲအမျိုးမျိုးနှင့် ဘဏ္ဍာနှစ်အလိုက် ပဲအမျိုးမျိုးထုတ်လုပ်မှုပြကွက်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ရော်ဘာ၊ စားအုန်းဆီ၊သီဟိုဠ်နှင့် မက္ကဒေးမီးယားပြကွက်နှင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ Arabica Coffee Robuster Coffee နှင့် Cotimor Coffee ပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှုကော်မတီ (၁၁)ကြိမ်မြောက် အစည်းအဝေးကို မင်းတုန်းခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် မြန်မာကိုယ်စားလှယ်အဖွဲ့မှ စိုက်ပျိုးရေး စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွတ်ဦး၊ တွဲဖက်သဘာပတိအဖြစ် ဖိလစ်ပိုင်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ Mr. Salvador S. Salawp တို့က ဆောင်ရွက်ပြီး အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးကိစ္စရပ်များကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

✳ ကျောဖုံးမှ

ရဲတပ်ဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားသရုပ်ပြမယ်များနှင့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များက ကွင်းအတွင်း နေရာယူကြသည်။

ထို့နောက် အားကစားသရုပ်ပြအဖွဲ့ဝင်များက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုပြီး အားကစားသရုပ်ပြအဖွဲ့များသည် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ဆက်လက်၍ အေရိုးဗစ်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ဂူရှူးအဖွဲ့၊ မြန်မာ့သိုင်း၊ ကရာတေးအဖွဲ့၊ ပန်းဖွားအကအဖွဲ့များမှ အားကစားမယ်လေးများက ဧည့်သည်တော်များအား သရုပ်ပြသကြသည်။

ယင်းနောက် အားကစားသရုပ်ပြအဖွဲ့များက ဧည့်သည်တော်များအား စုပေါင်းဂုဏ်ပြုနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၄-၇-၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈:၁၅	၇။	ထပ်ဆင့်အောင်ပွဲဧရာဝတီ တံတား(ဒေးဒရဲ)
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လည်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း-၆)
၁၂:၁၅	၅။	မူးယစ်ဆန့်ကျင်အောင်ပွဲဆင် (အပိုင်း-၁)
၁၂:၃၀	၆။	မြန်မာရုပ်ရှင် **"နှလုံးလှလူမိုက်"** မင်းမော်ကွန်း၊ နေအောင်၊ ညီနန္ဒ၊ မြင့်မြင့်ခင်၊ ခိုင်သင်းကြည်၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မောင်တင်ဦး)
၁၄:၄၅	၇။	International News
၁၅:၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use.
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု အားလုံး) (ရုက္ခဗေဒ)
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅	၆။	တေးဂီတအစီအစဉ်
၁၇:၃၀	၇။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၄၅	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀	၉။	ညနေခင်းသတင်း
၁၉:၀၀	၁၀။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၂၆)
၁၉:၃၅	၁၂။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဇာတ်လမ်း "လေကိုဆန်၍ပျံလေသော်" ခန့်စည်သူ၊နွဲ့ဒါလီလင်း (ဒါရိုက်တာ-ရိုးရိုး)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း-၄)

နံနက်ပိုင်း

၀၀:၃၀	၁၇။	Euro 2004ဗိုလ်လုပွဲသုံးသပ်ချက်
၁:၁၅	၁၈။	**Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) ပေါ်တူဂီနှင့်ဂရိ**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂-၇-၂၀၀၄

ကသာမြို့	၁ ဒသမ ၅၄ လက်မ
ဟုမ္မလင်းမြို့	၃ ဒသမ ၅၀ လက်မ

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်

၃-၇-၂၀၀၄

ကမ္ဘာအေး	၀ ဒသမ ၂၈ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၅၁ လက်မ
မင်္ဂလာဒုံ	၁ ဒသမ ၁၁ လက်မ

စစ်ကိုင်းတိုင်းအထက်ပိုင်း နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေကြောင်း သိရသည်။

ဇူလိုင် ၄ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့်ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်း အထက်ပိုင်း၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ကြခင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

ကြခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို The Princess စားသောက်ဆိုင်၊ ဝါးတန်းဆိပ်ကမ်း ရန်ကုန်မြို့၌ ဇူလိုင် ၁၀ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် ရန်ကုန်မြို့နေ ကြခင်းမြို့နယ်သူမြို့နယ်သားအားလုံးတက်ရောက်ကြရန်နှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အထောက်အထားများနှင့်အတူ ဒေါ်တင်တင်ဌေး ဖုန်း-၅၄၁၀၆၅ နှင့် ဒေါ်ကြင်ရီ ဖုန်း-၂၂၆၆၃၇ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**



အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၂ရက်က လသာမြို့နယ် မေတ္တာမွန် ရောင်းဝယ်ရေးသမဝါယမအသင်း ဥက္ကဋ္ဌရဲကျော်စွာအောင်လှက ဝင်ငွေခွန် ၂၀၆၁၅၂ ကျပ် ၈၃ပြားနှင့် ကုန်သွယ်ခွန် ၃၃၇၉၉ ကျပ် ၇၅ပြားတို့ကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ(မြို့နယ်) ဦးစဖန်းရှောင်းသို့ ပေးအပ်စဉ်။ (က-ပ)

* ကျောဖုံးမှ

စည်ပင်သာယာရေး ဦးစီးဌာန စည်ပင်သာယာရေး အဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းအစည်းအဝေး တွင်နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်က **"မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ထမ်းဆောင်နေကြသည့် စည်ပင်သာယာရေးအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယခုလို ကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးဖော်ဆောင်မြှင့်တင်ပေးမည့် လက်တွေ့ကျသည့် အစီအမံများ၊ ခိုင်မာသော အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာလိမ့်မည်ဟုယုံကြည်ထားပါကြောင်း၊ တစ်မျိုးသားလုံးက မျှော်လင့်တောင့်တနေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးသည် နိုင်ငံတော်၏ အခြေခံအကျဆုံးဒေသများဖြစ်သည့် မြို့ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဖြန့်ကြက်တာဝန်ယူ ဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးပမ်း အားထုတ်မှုများကပါ ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိသည်ဟု စည်ပင်သာယာရေးအရာရှိတိုင်းက ခံယူထားရန် ပြောကြားလိုကြောင်း"** ပြောကြားခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် ပထမဆုရ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ၊ အကောင်းဆုံး မြို့နယ်ဒုတိယဆုရပန်းတနော်မြို့နယ်၊ အကောင်းဆုံးမြို့နယ် တတိယဆုရ မြင်းခြံမြို့နယ်၊ မြို့နယ်သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆု ပထမဆုရရှိသည့် တောင်ကြီးမြို့နယ်၊ မြို့နယ်သာယာလှပရေးအကောင်းဆုံး မြို့နယ်ဆု ဒုတိယဆုရရှိသည့် ကျောက်ဆည်မြို့နယ်နှင့် တတိယဆုရရှိသည့် ပြင်ဦးလွင်မြို့နယ်၊ မြို့နယ်အကောင်းဆုံး စံပြ မြို့နယ်ဆု ပထမဆုရရှိသည့် တောင်ကြီးမြို့နယ်၊ အကောင်းဆုံး စံပြမြို့နယ်ဆု ဒုတိယဆုရရှိသည့် ကျောက်ဆည်မြို့နယ်၊ အကောင်းဆုံးစံပြမြို့နယ်ဆု တတိယဆုရရှိသည့် ကျောက်တန်းမြို့နယ်များအား ဆုများချီးမြှင့်ပေးအပ်သည်။

စည်ပင်သာယာရေးဦးစီးဌာနသည် **"မြို့ရွာများအမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်"**ဟူသော ရည်မှန်းချက်ထားရှိပြီး စည်ပင်သာယာရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကောင်းသောပြိုင်ဆိုင်မှု တစ်ရပ်အနေဖြင့် လုပ်ကိုင်အကောင်အထည်ဖော် အောင်မြင်မှုအပေါ်တွင် ဆုများချီးမြှင့်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအကောင်းဆုံးဆု မြို့နယ်ဆုအတွက် ရွေးချယ်ရာတွင် (၁)ကျေးလက်ဒေသလမ်းတံတားများဆောင်ရွက်ပြီးစီးမှု၊ (၂)ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ (၃) စံပြကျေးရွာ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်မှုတို့ကို စိစစ်အကဲဖြတ် အမှတ်ပေးကြသည်။ မြို့သာယာလှပရေး အကောင်းဆုံး မြို့နယ်ဆုအတွက် ရွေးချယ်ရာတွင် (၁) မြို့တွင်းလမ်းများကောင်းမွန်မှု၊ (၂) လမ်းပခုံးများ ကောင်းမွန်မှု၊ (၃) ရေစီးရေလာ ကောင်းမွန်မှု၊ (၄) ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု၊ (၅)နှစ်ရှည်ပင်ကြီးများ ပြုပြင်ထားရှိမှု၊ (၆)အမှိုက်သိမ်းစနစ်ကျမှု၊ (၇)မြို့တွင်း မိလ္လာစနစ် ကောင်းမွန်မှု၊ (၈)ဈေးသန့်ရှင်းမှု၊ (၉)ပန်းခြံများ သာယာလှပမှု၊ (၁၀) လမ်းဘေးဝဲယာ ချုံနွယ်များ ရှင်းလင်းမှု၊ (၁၁) မြို့အင်္ဂါရပ်ညီညွတ်မှု၊ (၁၂)မြို့ဝင် ဆိုင်းဘုတ်သပ်ရပ်လှပမှု၊ (၁၃) အိမ်များ၊ ဆိုင်းဘုတ်များဆေးသုတ်မှုစသည်တို့ကို စိစစ်အကဲဖြတ် အမှတ်ပေးသည်။

မိမိတို့ သတင်းအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးဖော်ဆောင်မှုကို သိရှိလိုသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံး မြို့နယ်ဆု ပထမရရှိသည့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်အား တွေ့ဆုံခဲ့သည်။ အမှုဆောင်အရာရှိ ဦးကြည်တင်က "ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျေးလက် လမ်းတံတားများ၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ၊ကျေးလက်စံပြကျေးရွာ သတ်မှတ်ချက်လုပ်ငန်းများ၊ စွမ်းအားရှိသမျှစည်ပင်သာယာဝန်ထမ်းများနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ စေတနာထားဆောင်ရွက်ခဲ့၍လည်းအောင်မြင်မှုများရရှိခဲ့ကြောင်း၊ ရေမြေရာသီဥတု ကောင်းမွန်မှု အပေါ်တွင် ကျောက်တန်းမြို့နယ်ကို အလှပန်းများဖြင့် ဝေဆာနေအောင် ဆောင်ရွက်ထားကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၇ စု၊ ကျေးရွာပေါင်း ၈၅ ရွာကို သွားလာမှုလွယ်ကူစေရန် ရာသီမရွေးသွားလာနိုင်သည့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ သွားရေးလာရေး၊ ရောင်းဝယ်ဖောက်ကားမှုများ အဆင်ပြေအောင် ဆောင်ရွက်ထားသကဲ့သို့ စံပြရွာများဖြစ်အောင် တွန်းအားပေးဆောင်ရွက်နေကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ကျောက်တန်းမြို့သည် ရန်ကုန်မြို့တော် အရှေ့တောင်ဘက် မိုင် ၂၀ အကွာတွင်တည်ရှိပြီး ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ် တည်ထားခြင်းကြောင့် နိုင်ငံတစ်ဝန်းက ဘုရားဖူးများ၊ နိုင်ငံခြားသားဧည့်သည်များ ဝင်ထွက်သွားလာသော မြို့ဖြစ်သည်။ စိုက်ပျိုးရေးအထူးဇုန်၊ စက်မှုလက်မှု ဖွံ့ဖြိုးရေးဇုန်၊ ရေချိုရေငန်ငါး၊ ပုစွန်မွေးမြူရေးနှင့် သီလဝါဆိပ်ကမ်းတည်ရှိနေမှုကြောင့် စီးပွားရေးအရ အရေးပါလျက်ရှိသည်။ မြို့သမိုင်းမှတ်တမ်းအရ လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ခန့်က သုဝဏ္ဏဘူမိ သထုံဘုရင်၏သားတော် တိဿဘောဂသေနမင်းမှစ၍မင်းဆက် ၃၄ ဆက်မြောက် နရိန္ဒမင်း လက်ထက်တိုင် ယခုကျောက်တန်းဒေသ ရေးအခေါ် သီဟဒီပကျွန်းတွင် ပါဒဘုရင်များ စိုးစံခဲ့သည်။ ထိုစဉ်က ကျောက်တန်းမြို့ကို 'ဂွမ်းမြို့'ဟု ခေါ်တွင်ခဲ့သည်။ မှော်ဝန်းမြစ်အတွင်းရှိနေသည့် ကျောက်တန်းများကို အစွဲပြု၍ကျောက်တန်းမြို့ဟုခေါ်ဝေါ်သည်။ ကျောက်တန်းမြို့တွင် ပါဒမင်းဆက် ခုနစ်ဆက်မြောက်ဇေယျသေနမင်းကြီး စတင် တည်ထားကိုးကွယ်ခဲ့သော ကျိုက်မှော်ဝန်း ရေလယ်စေတီတော် မြတ်ကြောင့် ထင်ရှားသည့်မြို့ဖြစ်လာခဲ့သည်။

မြန်မာ့အလင်းအဖွဲ့သည် မြို့ပြသာယာလှပရေး အကောင်းဆုံးမြို့နယ် ပထမဆုနှင့် အကောင်းဆုံး စံပြမြို့နယ် ပထမဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းစိန်ကို ဆက်လက်တွေ့ဆုံခွင့် ရရှိခဲ့သည်။ ဦးသောင်းစိန်က "အကောင်းဆုံးမြို့နယ် ပထမဆု၊ အကောင်းဆုံး စံပြမြို့နယ် ပထမဆု ရရှိ၍ ဝမ်းသာဂုဏ်ယူပါကြောင်း၊ သတ်မှတ်ချက် စံချိန်စံနှုန်းနှင့်အညီ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ခဲ့လို့ယခုလို ဆုနှစ်ဆု ရရှိခဲ့ကြောင်း၊တောင်ကြီးမြို့ဟာတောင်ပေါ်မြို့ဖြစ်၍ယခင်ကတည်းက သန့်ရှင်းသာယာလှပခဲ့ကြောင်း၊ ဆက်လက်၍လည်း တောင်ကြီးမြို့ သာယာလှပပြီး ဧည့်သည်များ လာချင်သည့်မြို့ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောပြသည်။

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏မြို့တော် တောင်ပေါ်မြို့ဖြစ်သည်။ မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ထားသကဲ့သို့ တောင်ကြီးမြို့လယ် လမ်းမကြီး၊ လမ်းလယ်ကျွန်းသည်အရှည်လေးမိုင်ရှိပြီး အမြဲတမ်း ပန်းများ ပွင့်ဖူးဝေဆာနေသည်။မြို့လယ်လမ်းများ ချိုင့်အပေါက်အပြဲမရှိဘဲ ကောင်းမွန်သည်။ ဈေးအတွင်း ဆိုင်ခန်းများ ကုန်ပစ္စည်းအမျိုးအစားအလိုက် စနစ်တကျရှိပြီး သန့်ရှင်းမှု ကောင်းသည်။ ပန်းဥယျာဉ်အတွင်း ပန်းအလှပင် သုံးသိန်းကျော်ရှိပြီး ပန်းဥယျာဉ်နှင့်ပန်းခြံ ဆောင်ရွက်ထားမှု ကောင်းမွန်သည်။ မြို့ပြနှင့်ကျေးလက် တံတားလုပ်ငန်းများ၊ မြို့ရေပေးရေး လုပ်ငန်းများ၊ စံပြကျေးရွာ ဖွံ့ဖြိုး တိုးတက်မှုဆောင်ရွက်နိုင်မှုများ ကောင်းမွန်၍ မြို့သာယာလှပရေးနှင့် စံပြမြို့နယ်ဆုများရရှိခြင်းပင်ဖြစ်သည်။

ကျောက်တန်းမြို့နယ်နှင့်တောင်ကြီးမြို့နယ်တို့ကဲ့သို့ပင်အခြားဆုရမြို့နယ်များ၏ မြို့နယ်နှင့် ကျေးလက်သာယာလှပရေး အကောင်းဆုံး ဖော်ဆောင်မှုများမှာ မှတ်တမ်းတင်ဂုဏ်ယူဖွယ်ရာများပင် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်၏ အလှတန်ဆောင် တောင်ကြီးမြို့ မုခ်ဦး၏ ခံ့ညားထည်ဝါမှုကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

စံပြကျေးရွာ

ကျောက်တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာတွင် ခြံစည်းရိုးများကို ဤသို့သပ်ရပ်စွာ ကာရံထားသည်။ (ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သစ်တော ဦးစီးဌာနက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင်လက်ပံတန်းစု ကျေးရွာအုပ်စု ဖူးကြီးဆည်ပေါင်အနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ထွေးတို့ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာ ပြည်သူ ၅၀၀ ခန့်သည် မယ်ဇလီ၊ သစ်ဆိမ့်၊ အော်ရီရှားစသည့် ပျိုးပင် ပေါင်း ၁၀၀၀ ကို စုပေါင်း စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငှက်ဖျားရောဂါ နှိမ်နင်းကာကွယ်ပါ

၁။ ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရ ခြင်းကြောင့် ကူးစက်ဖြစ်ပွားပါသည်။ ငှက်ဖျားပိုးသယ်ဆောင်သော ခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်သည်။

၂။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး၊ ငှက်ဖျားရောဂါ ကင်းစင်သော ဒေသများမှ ငှက်ဖျားရောဂါ ထူထပ်သော ဒေသများသို့ သွားရောက် နေထိုင်အလုပ်လုပ်ကိုင်သူများတွင် ရောဂါပိုမိုဖြစ်ပွားလွယ်ပြီး ဖြစ်ပွားပါက ရောဂါပြင်းထန်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများတွင် ဖြစ်ပွားပါကလည်း ရောဂါပြင်းထန်တတ်ပါသည်။

၃။ ငှက်ဖျားရောဂါလက္ခဏာများမှာ-

(က) ချမ်းတုန်၍ ဖျားခြင်း

(ခ) တက်ဖျားကျဖျားအသွင် ဖျားခြင်း

(ဂ) ရောဂါပြင်းထန်ပါက

- တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်၊ မထိုင်နိုင် လမ်းမလျှောက်နိုင်ခြင်း၊
- ဆေးမသောက်နိုင်အောင် အန်ခြင်း၊
- မိုန်းခြင်း၊ ဂဏှာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ တတ်ခြင်းတို့ ဖြစ်နိုင်သည်။

၄။ ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄နာရီအတွင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာ သွားရောက်ပြသ၍ သွေးဖောက်စစ်ဆေးပြီး ဆေးပတ်လည်အောင် ကုသမှုခံယူပါ။ ငှက်ဖျားရောဂါကို စောစီးစွာ ဖော်ထုတ်၍ ထိရောက်စွာ ကုသမှုခံယူခြင်းသည် ဦးနှောက်သို့ ငှက်ဖျားပိုးဝင်ခြင်း အပါအဝင် ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်၍ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။

၅။ ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

(က) ခြင်ကိုက်ခံရမှုမှ ကာကွယ်ခြင်း

(၁) ခြင်ထောင်ဖြင့်အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်သုံးပါ။

(၂) ညအခါ ခြင်ထောင်အပြင်တွင်ရှိသော အချိန်များတွင် ခြင်ကိုက်မခံရအောင် အဝတ်အစား လုံလုံခြုံခြုံဝတ်ပါ။

(၃) အဝတ်အစားလွတ်သော လက်၊ ခြေ၊ မျက်နှာတို့တွင် ခြင်မကိုက်သည့် ဆေးလိမ်းပါ။

(ခ) ခြင်းကို နှိမ်နင်းခြင်း

(၁) ခြင်မခိုအောင်းရန်အတွက် အိမ်အနီးရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းပါ။

(၂) ရပ်ကွက်၊ ကျေးရွာအနီးရှိ စိမ့်စမ်းချောင်းများကို ရေစီးရေလာကောင်းအောင် လူထုအားဖြင့် စုပေါင်းဆောင်ရွက်ပါ။

(၃) ပိုးလောက်လမ်းစာ ငါးများကို ရေတွင်း၊ ရေကန်များတွင် ထည့်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းနှင့်ပြည်ထဲရေးကွာတားတက်

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ အုပ်စု(ဃ)မှ စီးပွား/ကူးသန်းအသင်းက တပ်မတော်(ကြည်း)အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းသည် ပွဲဦးထွက် အနိုင်ရရှိထားသဖြင့် ယခုပွဲစဉ်၌ သရေကျရုံနှင့် အုပ်စုပထမရမည်ဖြစ်သော်လည်း ခြေစွမ်းပြကစားပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို မျိုးမင်းထွန်းက နှစ်ဂိုး၊ မာလ၊ မင်းသူ၊ တင်မင်းထွန်းနှင့် ဘိုဘိုအောင်တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ စီးပွား/ကူးသန်း အသင်းအတွက် သတ္တမဂိုးကို တပ်မတော်(ကြည်း) အသင်းမှ နောက်တန်းလူ မိုးကျော်က ဘောလုံးကို ဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ရရှိခဲ့ခြင်းဖြစ်သည်။တပ်မတော်(ကြည်း) အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် အောင်စိုးကြူက သွင်းယူပေးသည်။

အုပ်စု(ဃ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ စီးပွား/ကူးသန်းအသင်းက နှစ်ပွဲနိုင် (၆)မှတ်ဖြင့် အုပ်စုပထမ၊ ပြည်ထဲရေးအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်ဖြင့် အုပ်စုဒုတိယရရှိသည်။ တပ်မတော်(ကြည်း)အသင်းက နှစ်ပွဲရှုံး အမှတ်မရဘဲ အုပ်စုမှပင် ထွက်သွားရသည်။

(မြန်မာ့အလင်း)

အုပ်စု (ဃ) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	စီးပွား/ကူးသန်း	၃	၂	-	-	၁၀	၁	၆
၂	ပြည်ထဲရေး	၃	၁	-	၁	၄	၅	၃
၃	တပ်မတော်(ကြည်း)	၃	-	-	၂	၃	၁၁	၀

ရွှေက်သစ်လူငယ်က ပန်းလှိုင်လူငယ်ကိုအနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃ နာရီခွဲက ဒဂုံမြို့သစ်(တောင်ပိုင်း) အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ရွှက်သစ်လူငယ်အသင်းက ပန်းလှိုင်လူငယ်အသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရွှက်သစ် လူငယ်အသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ ဇူလိုင်၁၆ရက်တွင် စီးပွား/ကူးသန်း(ခ)အသင်းနှင့် ရဲမွန်အသင်းပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

☆ *ကျောဖုံးမှ*

တက်ရောက်လာခြင်း ဖြစ်သကဲ့သို့ အသင်းကိုတာဝန်ယူသည့် နည်းပြများကလည်း နိုင်ငံခြားသားနည်းပြများ ဖြစ်နေကြသည်။ ပေါ်တူဂီနည်းပြ စကိုလာရီက ဘရာဇီးလူမျိုးဖြစ်ပြီး ဂရိနည်းပြ အော့တိုရီဟာဂျယ်က ဂျာမန်လူမျိုးဖြစ်သည်။ နိုင်ငံခြားသား နည်းပြတာဝန်ယူသည့် အသင်းတစ်သင်းက ပထမဆုံးအကြိမ် ဥရောပဖလားဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်တော့မည်ဖြစ်သည်။

အိမ်ရှင်ပေါ်တူဂီ

အိမ်ရှင်ပေါ်တူဂီအသင်းသည်အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲအထိ ငါးပွဲကစားခဲ့ရာတွင် လေးပွဲနိုင်ပြီး တစ်ပွဲသာရှုံးခဲ့သည်။ ပေါ်တူဂီအသင်းသည် ရုရှားကို နှစ်ဂိုး-ဂိုးမရှိ၊ စပိန်ကို တစ်ဂိုး-ဂိုးမရှိ၊ အင်္ဂလန်ကို ရှစ်ဂိုး-ခုနစ်ဂိုး(ပယ်နယ်တီ)၊ ဟော်လန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲဦးထွက်ပွဲစဉ်၌ ဂရိကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ငါးပွဲတွင် ရှစ်ဂိုးသွင်းယူပြီး ငါးဂိုး အသွင်းခံခဲ့ရသည်။ ပေါ်တူဂီအသင်းအတွက် (ပယ်နယ်တီဂိုးများမပါ)ခရစ္စတီယာနိုရော်နယ်ဒိုက နှစ်ဂိုး၊ မန်နစ်ချ်ကနှစ်ဂိုး၊ ရူအီကော်စတာက နှစ်ဂိုး၊ နူနိုဂိုမက်စ်က တစ်ဂိုးနှင့်ပိုစတီဂါက တစ်ဂိုး သွင်းယူခဲ့ကြသည်။

ဂရိအသင်း

ဂရိအသင်းသည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲအထိ ငါးပွဲကစားခဲ့ရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ ဂရိအသင်းသည် ပေါ်တူဂီကို နှစ်ဂိုး-တစ်ဂိုး၊ ပြင်သစ်ကို တစ်ဂိုး-ဂိုးမရှိ၊ ချက်ကိုတစ်ဂိုး-ဂိုးမရှိ (ငွေဂိုး)ဖြင့် အနိုင်ရရှိခဲ့သည်။ စပိန်နှင့်တစ်ဂိုးစီ သရေကျကာ ရုရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ ငါးပွဲတွင် ခြောက်ဂိုးသွင်းပြီး လေးဂိုးအသွင်းခံခဲ့ရသည်။ ဂရိအသင်းအတွက် အန်ဂျလိုခရစ္စတီးကနှစ်ဂိုး၊ ဒဲလက်စ်(ငွေဂိုး)၊ ဘက်ဆီနက်စ်(ပယ်နယ်တီဂိုး)၊ ကာရာဂူးနစ်(ယူရို ၂၀၀၄အဖွင့်ဂိုး)နှင့် ဗာရီဇတ်စ်တို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။

ပါဝင်ကစားသူများ

အိမ်ရှင်ပေါ်တူဂီ အသင်းသည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲအထိ ငါးပွဲတွင် အားကစားသမား ၁၈ ဦးကို ထည့်သွင်း အသုံးပြုခဲ့သည်။ ပေါ်တူဂီအသင်းတွင်ပါဝင်ကစားခဲ့ကြသူများမှာ ဂိုးသမား ရီကာဒို(၁)၊အင်ဒရာဒီ (၄)၊ ကူတို(၅)၊ ဖာရဲရား(၂)၊ ရူအီဂျော့ချ်(၃)၊ ကော်စတင်ညာ(၆)၊ လူးဝစ္စဖီဂို(၇)၊ မန်နစ်ချ်(၁၈)၊ ရူအီကော်စတာ(၁၀)၊ဆီမာအို(၁၁)၊ပေါ်လက်တာ(၉)၊ ဒေကို(၂၀)၊ ရော်နယ်ဒို(၁၇)၊နူနိုဂိုမက်စ်(၂၁)၊ နူနိုဗလန်တေး(၁၄)၊ ကာဗယ်ဟို(၁၆)နှင့်ပီတစ်(၈)တို့ဖြစ်ကြသည်။

ဂရိအသင်းသည် အုပ်စုပွဲစဉ်မှ အကြို ဗိုလ်လုပွဲအထိ ငါးပွဲတွင် အားကစားသမား ၁၇ဦးကိုထည့်သွင်း အသုံးပြုခဲ့သည်။ ဂရိအသင်းတွင် ပါဝင် ကစားခဲ့ကြသူများမှာ ဂိုးသမား နီကိုပိုလိုင်ဒစ်(၁)၊ ဒဲလက်စ်(၅)၊ ကက်ပဆစ်(၁၉)၊ ဆီထရိုက်ဒစ်(၂)၊ ဗင်နစ်တိုက်ဒစ်(၃)၊ အန်ဂျလိုခရစ္စတီး(၉)၊ ကာရာဂူးနစ်(၂၀)၊ ဇာဂိုရာကစ်(၇)၊ ဘက်ဆီနက်စ်(၆)၊ ပါပါဒိုပေါလက်စ်(၂၂)၊ဗာရီဇတ်စ်(၁၅)၊ စီယာတပ်(၁၀)၊ နီကိုလိုင်ဒစ်(၁၁)၊ဖီဆက်စ်(၁၄)၊ဂီယန်နာကိုပိုလက်စ်(၈)၊ ကာဆိုရာနစ်(၂၁) နှင့်လာကစ်(၂၃)တို့ ဖြစ်ကြသည်။

စကိုလာရီအမှား

ပေါ်တူဂီနှင့်ဂရိတို့၏ နောက်ဆုံး ဗိုလ်လုပွဲကို ပွဲကြို သုံးသပ်ရာတွင် ၎င်းတို့နှစ်သင်း ပထမအကြိမ်ဆုံတွေ့မှုကို ပြန်လည်၍ ခြေရာကောက်မှသာ ပြည့်စုံပေလိမ့်မည်။ ယေဘုယျအားဖြင့် ဂရိက ပေါ်တူဂီကို နိုင်ထား၍ ဂရိကနိုင်မည်ဟု ပြော၍မရသလို ပေါ်တူဂီကလည်း အိမ်ရှင်ဖြစ်၍ တစ်ဖက်သတ် အနိုင်ယူသွားမည်ဟု တစ်ထစ်ချ မဆိုနိုင်ပေ။ ပထမအကြိမ် ဆုံတွေ့ခဲ့စဉ်က အနေအထားနှင့်ဗိုလ်လုပွဲ၌ ရင်ဆိုင်ရမည့် အနေအထားများစွာ ကွာခြားသွားပြီကို သတိပြုရပေမည်။ ပထမအကြိမ် ဆုံတွေ့စဉ်က ပေါ်တူဂီ နည်းပြစကိုလာရီသည်ပထမတာထွက် လူစာရင်းထုတ်ရာ၌ အမှားရှိခဲ့ပြီး မရှုံးသင့်ဘဲ ရှုံးခဲ့ရခြင်း ဖြစ်သည်။

ဂရိတို့ ပထမဂိုး ရရှိသွားသည်မှာ ကစားကွက်ဖြင့် အချိတ်အဆက်မိမိ ထိုးဖောက်ပြီး ရသွားခြင်း မဟုတ်ဘဲ ပေါ်တူဂီနောက်တန်းလူ ဖာရဲရား၏ အမှားမှတစ်ဆင့်ရရှိသွားသောဘောလုံးကို ကာရာဂူးနစ်က အဝေးမှ အမှတ်မထင် ကန်သွင်းသွားခြင်းဖြစ်သည်။ ဒုတိယဂိုးမှာလည်း ပယ်နယ်တီဂိုးသာဖြစ်၍ ဒိုင်လူကြီး ကော်လီနာမဟုတ်ဘဲ အင်္ဂလန်နှင့် ပေါ်တူဂီပွဲကို တာဝန်ယူခဲ့သည် ဆွစ်ဇာလန်မှ ဒိုင်လူကြီး အာ့စ်မီလာဆိုလျှင် ရကောင်းမှ ရပေလိမ့်မည်။

ပထမလူစာရင်း

ဂရိနှင့်ပွဲတွင် ပေါ်တူဂီအသင်း၌ (ဂိုး) ရီကာဒို၊ (နောက်တန်း) ဖာရဲရား၊ အင်ဒရာဒီ၊ ကူတို၊ ရူအီဂျော့ချ်၊ (အလယ်တန်း)ကော်စတင်ညာ၊လူးဝစ္စဖီဂို၊ မန်နစ်ချ်၊ ရူအီကော်စတာ၊ ဆီမာအို၊ (ရှေ့တန်း) ပေါလက်တာတို့ကို ပထမလူစာရင်းအဖြစ် ပွဲထုတ်ခဲ့သည်။ ပေါ်တူဂီအသင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ရာတွင် အဓိကကျသော ခရစ္စတီယာနိုရော်နယ်ဒို၊ ဒေကို၊ နူနိုဂိုမက်စ်နှင့် ကာဗယ်ဟိုတို့ မပါဝင်ခဲ့ပေ။ ဒုတိယပိုင်း၌ ရူအီကော်စတာအစား ဒေကို၊ဆီမာအိုအစားရော်နယ်ဒို၊ ပေါ်လက်တာအစား နူနိုဂိုမက်စ်တို့ကို လူစားလဲခဲ့ရာ ကစားကွက်ကောင်းလာသော်လည်း ဂရိကဦးဆောင်ဂိုးနှစ်ဂိုးရရှိထားသဖြင့် အချိန်နှောင်းသွားခဲ့သည်။ ယခုဗိုလ်လုပွဲ၌ဒုတိယအကြိမ် ပြန်လည်ဆုံတွေ့သည့်အခါ နည်းပြစကိုလာရီအနေဖြင့် ပထမပွဲကအမှားများကို ပြန်လည်သုံးသပ်ပြီး အကောင်းဆုံးစာရင်းဖြင့် ပွဲထုတ်လာမည်သာဖြစ်သည်။

ပါဝင်လာဖွယ်

ပေါ်တူဂီအသင်းတွင် ထိခိုက်ဒဏ်ရာရရှိမှု ကြီးကြီးမားမားမရှိသကဲ့သို့ အနီကတ်ဖြင့် ပွဲပယ်ခံရသူလည်း မရှိပေ။ ပေါ်တူဂီအသင်းသည် ရုရှားနှင့်ပွဲမှစ၍ ပထမတာထွက်လူစာရင်းကိုပြောင်းလဲ၍ပွဲထုတ်ခဲ့ရာ တစ်ပွဲထက်တစ်ပွဲခြေစွမ်းပြကစားလာနိုင်ခဲ့သည်။ စပိန်၊ အင်္ဂလန်နှင့်ဟော်လန်တို့ကိုခြေစွမ်းပြကစားပြီး အနိုင်ယူခဲ့ရာ ဗိုလ်လုပွဲတွင်လည်းဟော်လန်နှင့်ပွဲကလူစာရင်းအတိုင်း ပွဲထွက်လာဖွယ်ရှိသည်။

ဂရိလူစာရင်း

ဂရိအသင်းတွင် ယူရို၂၀၀၄အဖွင့်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ကာရာဂူးနစ် ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်တွင် အဝါကတ်များ ထိခဲ့၍ ပွဲပယ်ခံရမည်ဖြစ်ရာ မပါဝင်နိုင်ပေ။ ဂရိအသင်းသည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲအထိပထမတာထွက်လူစာရင်းကို အပြောင်းအလဲ များများစားစား မလုပ်ခဲ့ပေ။ နည်းပြ အော့တိုရီဟာဂျယ်သည် ပွဲပယ်ခံထားရသူများအစား အရန်များကို ထည့်သုံးသည်ကလွဲ၍ အတွဲမိနေသည့် အမာခံအသင်းကိုသာ ပွဲထုတ်လေ့ရှိသည်။ အောင်မြင်သော အသင်းကိုမဖျက်နှင့်ဟုဆိုရိုးစကားရှိသည့်အတိုင်း ဂရိအသင်းသည်ချက်နှင့်ပွဲက လူစာရင်းအတိုင်းသာ ပွဲထုတ်လာဖွယ်ရှိသည်။

ဂရိနည်းပြ အော့တိုရီဟာဂျယ် အနေဖြင့် ချက်နှင့်ကစားခဲ့သည့် ၄-၃-၃ပုံစံ လူနေရာချထားမှုဖြင့်သာ ခင်းကျင်း၍ အထိုင်ချကစားမည်ဟု ယူဆမိသည်။

နှိုင်းယှဉ်သုံးသပ်ရသော်

စာရေးသူအနေဖြင့် အမှန်အတိုင်းဝန်ခံရလျှင် ဂရိအသင်း ဗိုလ်လုပွဲအထိ တက်လာလိမ့်မည်ဟု လုံးဝ မထင်မိခဲ့သလို ယခုကဲ့သို့ ဗိုလ်လုပွဲတက်ရောက်လာသည့် တိုင်အောင် ဂရိအသင်းကစားပုံကို မျက်စိထဲမစွဲလှဘဲ ဖြစ်နေသည်။ သို့သော် လက်ရှိချန်ပီယံ ပြင်သစ်နှင့် ပွဲတိုင်းနိုင်ချက်ကို အနိုင်ကစားခဲ့သည့်ဂရိအသင်းကို မလေးစားဘဲ မနေနိုင်ပေ။ ဘောလုံးပညာ၊ ဘောလုံးရသနှင့် တစ်ဦးချင်း အလုအပ ကစားဟန်များကို ဘေးဖယ်၍ အသင်းလိုက်မာကျောကျစ်လျစ်မှုကို ကြည့်မည်ဆိုလျှင် ဂရိအသင်းလောက် အားရဖွယ်ကောင်းသော အသင်းမျိုး မကြည့်ခဲ့ရဖူးချေ။

ဂရိအသင်းသည် အိမ်ရှင်ပေါ်တူဂီကို အနိုင်ရသည့်ပွဲမှလွဲလျှင် တစ်ပွဲလျှင် တစ်ဂိုးနှုန်းသာ သွင်းယူခဲ့သည်။ ဘောလုံးပွဲတစ်ပွဲ အနိုင်ရရှိရေး၌ တစ်ဂိုးသာလိုပါသည်ဟု ပြောရမလို ဖြစ်နေသည်။ ဂရိအသင်းသာ ဗိုလ်စွဲခဲ့မည်ဆိုပါက ကမ္ဘာ့ဘောလုံး လောက၌ တိုက်စစ် ကစားနည်းထက် ခံစစ်ကစားနည်းက ပို၍အောင်မြင်မှုရရှိစေသည်ဟူသောကောက်ချက် ပေါ်ထွက်လာဖွယ်ရှိသည်။ ဂရိအသင်းဗိုလ်စွဲခဲ့လျှင် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်မှ ဘောလုံးပွဲများ၌ ဂိုးများများသွင်းယူပြီး ပရိသတ်ကိုဆွဲဆောင်နိုင်ရေးဟူသော ရည်ရွယ်ချက်မှာ အရာမထင်ဖြစ်သွားလေမလား တွေးစရာပင်ဖြစ်သည်။

စာရေးသူအနေဖြင့် ဂရိအသင်း ကစားသည့်ပွဲများကို ပွဲကြိုခန့်မှန်းချက်ရေးသားခဲ့ရာ တစ်ပွဲမှ အဖြေမှန်မတိုးခဲ့ပေ။ ဂရိနှင့်ရုရှားပွဲတွင် ဂရိနိုင်မည်ဟု ခန့်မှန်းရေးသားခဲ့ရာ ရုရှားက အနိုင်ရသွားသည်။ ဂရိနှင့် ပေါ်တူဂီပွဲတွင် ပေါ်တူဂီနိုင်မည်ရေးခဲ့ရာ ဂရိနိုင်သွားသည်။ ဂရိနှင့်စပိန်ပွဲတွင် စပိန်နိုင်မည်ဟုရေးခဲ့ရာ သရေကျသွားသည်။ ဂရိနှင့်ပြင်သစ်၊ ဂရိနှင့်ချက်ပွဲများတွင်လည်း ဂရိရှုံးမည်ဟု ရေးခဲ့ရာ တက်တက်စင်အောင် လွဲခဲ့သည်။ သို့ဖြစ်ရာ ဗိုလ်လုပွဲ၌ ဂရိက ပေါ်တူဂီကိုနိုင်မည်ဟု ပြန်ပြောင်း၍ ခန့်မှန်းရမည့်ပုံဖြစ်နေသည်။ စာရေးသူအနေဖြင့် ပွဲကြိုခန့်မှန်းချက်ရေးရာတွင် လွဲကာမှလွဲရော ဟိုလိုလို ဒီလိုလို ဝေ့လည်ကြောင်ပတ် မရေးလိုဘဲ မိမိယုံကြည်သလို ရေးခဲ့ခြင်းဖြစ်သည်။ လွဲမည်ကို ကြောက်၍ နှစ်သင်းကို ကြားချ၍ရေးလျှင် ဖြစ် နိုင်သော်လည်း ထိုသို့ ရေးရမည်ကို စိတ်ထဲ၌ မလုံမလဲ ဖြစ်မိသည်။

ပေါ်တူဂီနိုင်မည်

အိမ်ရှင်ပေါ်တူဂီနှင့် ဂရိတို့၏ နောက်ဆုံး ဗိုလ်လုပွဲစဉ်၌ အိမ်ရှင်ပေါ်တူဂီတို့ အနိုင်ရရှိရန် အကြောင်းအချက်များစွာရှိနေပေသည်။ ပေါ်တူဂီအသင်းသည် ပွဲဦးထွက်၌ ခြေစွမ်းမပြနိုင် ဖြစ်ခဲ့သည်မှလွဲ၍ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်း ပြလာနိုင်ခဲ့ရာ ဗိုလ်လုပွဲ တက်ရောက်လာချိန်တွင် ပြောစရာမရှိလောက်အောင်ပင်အဘက်ဘက်မှ ကောင်းနေသည်။ခရစ္စတီယာနိုရော်နယ်ဒို၊ ဒေကိုနှင့် ဖီဂိုတို့၏ တွဲလုံးများဖြင့် ထိုးဖောက်မှုကို ဂရိနောက်တန်းလူများ မိနစ် ၉၀ အထိ တောင့်ခံနိုင်ရန် မလွယ်ပေ။

အိမ်ရှင် ပေါ်တူဂီအနေဖြင့် ဂရိအသင်းကို စောစောစီးစီး ဂိုးရအောင် သွင်းနိုင်ရန် အရေးကြီးသည်။ ဂရိအသင်း အနိုင်ရသော ပွဲတိုင်းကိုကြည့်လျှင် ဂိုးစတင် အသွင်းမခံရသည့် အချက်ကို တွေ့ရသည်။ ရုရှားအသင်းက ဂရိကို အနိုင်ရသည့်ပွဲတွင် ရုရှားအသင်းက ပွဲစပြီး ၂ မိနစ်အကြာ၌ ဦးဆောင်ဂိုးသွင်းယူပြီး ဒုတိယဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအနေဖြင့် ပထမပိုင်း၌ ဦးဆောင်ဂိုးမသွင်းနိုင်ခဲ့လျှင် ဒုတိယပိုင်း၌ ကစားရ ခက်ခဲသွားမည်ဖြစ်သည်။

အားသာချက်

အိမ်ရှင်ပေါ်တူဂီ အနေဖြင့် ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ အိမ်ရှင်ပရိသတ် စိတ်ကျေနပ်မှုရရှိနေပြီဖြစ်သလို နည်းပြစကိုလာရီ အနေဖြင့်လည်း ဗိုလ်လုပွဲတက်စေရမည်ဟူသော ကတိအတိုင်း တည်နိုင်ခဲ့ပြီဖြစ်၍ ဖိအားမရှိတော့ချေ။ ဂရိအသင်း အနေဖြင့်လည်း ဗိုလ်လုပွဲတက်သည်နှင့်ပင် အတိုင်းထက်အလွန်အောင်မြင်မှု ဖြစ်၍ ခံစစ်သက်သက် မကစားဘဲ တိုက်စစ်ဖွင့်လာနိုင်သည်။ ပေါ်တူဂီအသင်းဘက်မှ ရာသီဥတု အပူဒဏ်နှင့် ဂျာမန်လူမျိုး ဒိုင်လူကြီး မားကပ်မာ့ခ်တို့က မျက်နှာသာပေးလာနိုင်ဖွယ်ရှိရာ ပွဲသိမ်းခရာသံ ပေါ်ထွက်လာချိန်တွင် ပေါ်တူဂီသားတို့ဆုဖလားကိုင်မြှောက်ပြီး အောင်ပွဲခံနေသည့် မြင်ကွင်းကို ကြိုတင်မြင်ယောင်နေမိပေသည်။ ။ **(မြန်မာ့အလင်း)**

ချက်နှင့်ဂရိအသင်းတို့၏ ဒုတိယအကြိုဗိုလ်လုပွဲစဉ်တွင် ဂရိအသင်း အနိုင်ရရှိသွားပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်သွားရာ ဂရိအသင်းသားများ ဤသို့ အောင်ပွဲခံပျော်မြူးခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ယူရို ၂၀၀၄ ဗိုလ်လုပွဲအကြိုသတင်းကောက်နုတ်ချက်

ရန်ကုန် ဇူလိုင် ၃

- **ဘရာဇီးလူမျိုးနည်းပြ စကိုလာရီသည် ဘရာဇီးအသင်းအား ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် ဗိုလ်စွဲအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် အိမ်ရှင်ပေါ်တူဂီနှင့် ဂရိပွဲစဉ်၌ ဘရာဇီးလူမျိုး ထောင်ပေါင်းများစွာက ပေါ်တူဂီအသင်းကို အားပေးကြမည်ဖြစ်သည်။**
- **ပေါ်တူဂီအလယ်တန်းလူ ဒေကိုသည် ဘရာဇီးလူမျိုးဖြစ်ပြီး အမည်ရင်းမှာ မက်ဂျီကန်ဖြစ်သည်။ ဒေကိုသည် ပေါ်တူဂီနိုင်ငံမှ ပေါ်တိုကလပ်အသင်း၌ ရှစ်နှစ်ကြာကစားခဲ့သူဖြစ်သည်။**
- **နောက်ဆုံးဗိုလ်လုပွဲကို ကွင်းလယ်ဒိုင်အဖြစ်တာဝန်ယူမည့် ဂျာမန်လူမျိုး ဒိုင်လူကြီးမားကပ်မာ့ခ်သည် ဂရိနည်းပြဆရာ အော့တိုရီဟာဂျယ်နှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည်။**
- **ပေါ်တူဂီအသင်း၏ တာထွက်လူစာရင်းသည် ဆီမီးဖိုင်နယ်၌ ပါဝင်ခဲ့သူများအတိုင်းသာ အပြောင်းအလဲမရှိပါဝင်လာမည်ဟု နည်းပြစကိုလာရီက ပြောကြားထားသည်။**
- **နောက်ဆုံးဗိုလ်လုပွဲကိုတာဝန်ယူမည့် ဂျာမန်လူမျိုး ဒိုင်လူကြီး မားကပ်မာ့ခ်က ဂရိအသင်းနည်းပြနှင့်ခင်မင်ရင်းနှီးမှုသည် ၎င်း၏ တာဝန်ဝတ္တရားထမ်းဆောင်မှုအပေါ် လွှမ်းမိုးမှုရှိမည်မဟုတ်ကြောင်း ရှင်းလင်းပြောကြားသည်။** (မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း သမဝါယမသင်တန်းကျောင်းဝင်းအတွင်း၌ သစ်ပင်၊ ပန်းပင်၊ စားသုံးပင်၊ အရိပ်ရပင်များ စုပေါင်း စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်တွင်ကျင်းပရာ မကွေးတိုင်း သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် ဝန်ထမ်းများ၊ သမဝါယမ အသင်း သင်တန်းကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ သမဝါယမအသင်းများမှ အမှုဆောင်ဒါရိုက်တာများ၊ မြို့နယ် သမဝါယမ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၂၀တို့က သီးပင်၊ စားပင် စုစုပေါင်း ၄၈၅ ပင်ကို စုပေါင်း၍ တပျော်တပါး စိုက်ပျိုးကြသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီတွင် မကွေးမြို့ တက္ကသိုလ်လမ်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းလမ်းထောင့်၌ စိုက်ထူကြသည်။ ထို့ပြင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ အထက်တန်းအဆင့် ၁၀၃ ဦး၊ အလယ်တန်းအဆင့် ၁၃၂ ဦးတို့ ပါဝင်ဖြေဆိုကြသည်။ အလားတူ စာစီစာကုံးပြိုင်ပွဲကို မကွေးတိုင်းအတွင်းရှိ ခရိုင်လေးခရိုင်၌ တစ်ပြိုင်တည်း ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိဂဒါဝုန် ၁၇ ရက်သင်တန်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၃

လှိုင်မြို့နယ် ယောဂီကျောင်းလမ်း (၁၁)ရပ်ကွက် လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်၌ ဇူလိုင် ၁၅ ရက်မှ ၃၁ ရက် အထိ မိဂဒါဝုန် ဝိပဿနာတရားစခန်းဖွင့်မည် ဖြစ်ပြီး ဇူလိုင် ၃၁ရက်(ဒုတိယဝါဆိုလပြည့်နေ့) စနေနေ့နံနက် ၇နာရီ တွင်သင်တန်းဆင်းပွဲနှင့်အတူ ဝါဆို သင်္ကန်းကပ်လှူပွဲကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၅၂၆၁၈၂နှင့် ၆၅၀၈၅၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ သစ်ပင်စိုက်ပွဲကို မေတ္တာညွန့်ရပ်ကွက် နေမျိုးသူရလမ်းတွင် ကျင်းပရာ ခရိုင် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါက်တာ စန်းစန်းမြင့်နှင့် အဖွဲ့ဝင်များ၊ တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုစုသန်းနှင့် အဖွဲ့ဝင်များက စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးကြစဉ်။ (၄၀၀)

ဝါဆိုသင်္ကန်းနှင့်ဆွမ်းလှူပွဲအတွက်ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၃

တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း ဆုထူးပန် ပရိယတ္တိစာသင်ကျောင်းတိုက်တွင်သီတင်းသုံးတော်မူကြသောစာချစာသင် သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်နှင့် မအူပင်မြို့နယ်မိဘဂုဏ်ရည်ဆွမ်းလှူရှင်အသင်းအတွက် မတည်ငွေကျပ်ငါးသောင်းလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်၇၈ ဈေးကြီးလမ်း ကံရာဇာ ဧည့်ဂေဟာ၌ ကျင်းပရာ ဆုထူး ပန်ဆရာတော် ဘဒ္ဒန္တ သလ္လာ အရှင် ပဏ္ဍိတနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင် ဒေါ်တင်မြင့်နှင့် မိသားစုက နေ့ဆွမ်းဆက်ကပ်ကာ လှူဒါန်းမှုအတွက် ရေစက်ချ အမျှပေးဝေသည်။ **(က-ပ)**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မင်းရဲကျော်စွာလမ်းတစ်လျှောက်တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ရက်က ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်စန်းစန်းရီ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်နွယ်ဦး၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးနွယ်တို့ ဦးဆောင်၍ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်း၍ သစ်ပင်၁၀၀ကျော်ကို တပျော်တပါး စိုက်ပျိုးကြစဉ်။
(က-ပ)



ဒေါ်ခင်သန်းဦး ၉/စကန(နိုင်)၀၁၈၃၂၀နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ခင်သန်းဦး ၉/စကန(နိုင်)၀၁၈၃၂၀ သည် ကျွန်တော်၏ဖခင် ဒုရဲမှူးကြီးဇော်ဝင်း(ငြိမ်း)၏ လက်ရှိအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ တာမွေပလာဇာ၊ အခန်းအမှတ်(၅/E)၏ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ၊ ယင်းအခန်းတွင် တပ်ဆင်ထားသော ဒုရဲမှူးကြီးဇော်ဝင်း(ငြိမ်း)အမည်ပေါက် တယ်လီဖုန်းအမှတ်(၅၄၀၁၁၄)၏အခွန်ငွေသွင်းဖုန်းစာအုပ်၊ လက်ဝတ်လက်စားများနှင့်ကျွန်တော်၏ တစ်နှစ်နှင့်ဆယ်လအရွယ် သမီးငယ်အပါအဝင်တို့ကို မည်သူ့ကိုမှအသိမပေးဘဲ ယူဆောင်သွား ပြီး ၁၈-၆-၂၀၀၄ ရက်တွင် နေအိမ်မှမိမိသဘောအလျောက် ဆင်းသွားပါသည်။

ထို့ကြောင့် ဒေါ်ခင်သန်းဦးသည် အထက်ပါကိစ္စကို အမြန်ဆုံးလာရောက်ဖြေရှင်းပေးအပ်ပါရန်နှင့် ခင်ပွန်းဖြစ်သူ ဦးစောနောင်ဝင်း မသိဘဲ ဒေါ်ခင်သန်းဦးက ဆောင်ရွက်ခဲ့သည့် ကိစ္စအရပ်ရပ်အတွက် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသီးခံပါ)

ဦးစောနောင်ဝင်း။

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း' ဒါန

⁜ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်လျက် **"ထာဝရ ဒါန"** **"အရိပ်အလှူ ပန်းအလှူ"**ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

⁜ **"မနာပ ဒါယီ လဘတေ မနာပံ"**
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

⁜ အာရာမရောပ ဒါန = ပန်းပင် သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသော သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း... တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း... နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

⁜ "သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် ဘက်စုံထောင့်စုံအာရုံညွှတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက် "အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

⁜ ဤနေရာမြတ်တွင်. . .
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန (နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း. . .
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင်ကိုယ်ကြပ် ပန်းကပ်ဆက်လှူ ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရွက်ဆောင်ကြပါစို့။

⁜ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သောအပင်များကို သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

လိုအပ်သောအရေအတွက် တစ်ပင်နှုန်း(၅ပေ အမြင့်)

အရိပ်ရပင် –	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆	ကျပ် ၁၅၀၀၀
ပန်းအလှပင် –	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
(Ground	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
Cover)	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀-၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုဏ္ဏရိုက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုရုံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန
လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ
ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း-၂၅၁၈၅၁၊ ၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။

4-7 (14).p65 1 03/26/1905, 10:45 PM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန
ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများထုတ်ပြန်

(ယမန်နေ့ကအဆက်)

၃၄။ ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခွင့်ရရှိသူသည်–

(က) နည်းဥပဒေ ၂၈၊ သို့မဟုတ် ၃၁ အရ ထုတ်ပေးသော ခွင့်ပြုချက်ကို ထိန်းချုပ်ဓာတုပစ္စည်း ရောင်းချမည့်နေရာ၊ ဆိုင်၌ ချိတ်ဆွဲထားရမည်။

(ခ) သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပုံစံ(၁၉)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ် စုစည်း၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) လစဉ်မှတ်တမ်းများ၊ သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ ပြေစာဘောက်ချာများ၊ စာရင်းဇယားများကို အနည်းဆုံး နှစ်နှစ်ထိ သိမ်းဆည်းထားရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာ၌ အသုံးပြုခြင်းမရှိစေရန် အထူးဂရုပြုရမည်။

(စ) သိုလှောင်ထားရှိပြီး လက်လီလက်ကားဖြန့်ဖြူးရောင်းချရာတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပို၍ လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်း သတင်းပို့ရမည်။

(ဆ) ထိန်းချုပ်ဓာတုပစ္စည်းကို ဝယ်ယူသူက တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုဖွယ်ရာရှိကြောင်း သံသယဖြစ်ဖွယ်ရာ တွေ့ရှိပါက သက်ဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များသို့ဖြစ်စေ၊ ရဲစခန်းသို့ဖြစ်စေ ချက်ချင်းသတင်းပို့ရမည်။

(ဇ) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

အခန်း(၇)

သိုလှောင်ထိန်းသိမ်းခြင်း

၃၅။ ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၂၀)ဖြင့် လျှောက်ထားရမည်။

၃၆။ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၃၅အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၂၁)ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။

၃၇။ နည်းဥပဒေ ၃၆ အရ ထုတ်ပေးသော ခွင့်ပြုချက်သက်တမ်းသည် ခွင့်ပြုချက်ထုတ်ပေးသည့် နေ့ရက်မှစ၍ တစ်နှစ်ဖြစ်သည်။

၃၈။ (က) ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ထိန်းသိမ်းခွင့် ရရှိသူသည် ခွင့်ပြုချက်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ သိုလှောင်ထိန်းသိမ်းခြင်း လုပ်ငန်းကို လုပ်ကိုင်လိုပါက ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့သို့ ပုံစံ(၁၅)ဖြင့် လျှောက်ထားရမည်။

(ခ) ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ပေးရမည်။

၃၉။ ထိန်းချုပ်ဓာတုပစ္စည်းသိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည်–

(က) နည်းဥပဒေ ၃၆ အရ ထုတ်ပေးသော ခွင့်ပြုချက်ကို ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ထိန်းသိမ်းထားသည့် နေရာ၊ အဆောက်အအုံ၊ ဂိုဒေါင်တွင် ချိတ်ဆွဲထားရမည်။

(ခ) ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းကို ပုံစံ(၂၂)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ်စုစည်း၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) လစဉ်မှတ်တမ်းများ၊ သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ ပြေစာ၊ ဘောက်ချာများ၊ စာရင်းဇယားများကို အနည်းဆုံး နှစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များကို ထုတ်လုပ်ရာတွင် အသုံးပြုခြင်းမရှိစေရန် အထူးဂရုပြုရမည်။

(စ) သိုလှောင်ထိန်းသိမ်းရာတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပို၍ လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်းသတင်းပို့ရမည်။

(ဆ) ခွင့်ပြုချက်ပါ စည်းကမ်းများကို လိုက်နာရမည်။

အခန်း(၈)

သုတေသနပြုလုပ်ခြင်း

၄၀။ ထိန်းချုပ်ဓာတုပစ္စည်းကို သုတေသန ပြုလုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၂၃)ဖြင့် လျှောက်ထားရမည်။

၄၁။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၄၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၂၄)ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။

၄၂။ နည်းဥပဒေ ၄၁ အရ ထုတ်ပေးသော ခွင့်ပြုချက်သက်တမ်းသည် ခွင့်ပြုချက်သက်တမ်းထုတ်ပေးသည့် နေ့ရက်မှ စတင်၍ တစ်နှစ်ဖြစ်သည်။

၄၃။ (က) ထိန်းချုပ်ဓာတုပစ္စည်းကို သုတေသနပြုလုပ်ခွင့် ရရှိသူသည် ခွင့်ပြုချက်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်၍ သုတေသနပြုလုပ်လိုပါက ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုချက်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၂၅)ဖြင့် လျှောက်ထားရမည်။

(ခ) ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ပေးရမည်။

၄၄။ ထိန်းချုပ်ဓာတုပစ္စည်းကို သုတေသနပြုလုပ်ခွင့် ရရှိသူသည်–

(က) နည်းဥပဒေ ၄၁ အရ ထုတ်ပေးသော ခွင့်ပြုချက်ကို သုတေသနပြုလုပ်သည့် နေရာတွင် ချိတ်ဆွဲထားရမည်။

(ခ) သုတေသနပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပုံစံ(၂၆)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ်စုစည်း၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) သုတေသနပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ လစဉ်မှတ်တမ်းများ၊ အစီရင်ခံစာများ၊ စာရင်းဇယားများကိုစနစ် တကျပြုစု၍ အနည်းဆုံး နှစ်နှစ်ထိန်းသိမ်းထားရမည်။

(င) သုတေသနပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကို ခံယူရမည်။

(စ) သုတေသနပြုလုပ်ရာတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပိုမို၍ လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်း သတင်းပေးပို့ရမည်။

(ဆ) သုတေသနပြုလုပ်၍ ရရှိသော ထိန်းချုပ်ဓာတုပစ္စည်းများကို ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ စီမံဆောင်ရွက်ရမည်။

(ဇ) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

အခန်း(၉)

လက်ဝယ်ထားပြီး အသုံးပြုခြင်း

၄၅။ ထိန်းချုပ်ဓာတုပစ္စည်းကို အခန်း(၃)၊ (၄)၊ (၅)၊ (၆)၊ (၇)နှင့် (၈)တို့ပါ လုပ်ငန်းကိစ္စတစ်ခုခုအတွက် မဟုတ်ဘဲ နည်းဥပဒေ ၆၂တွင် ခွင့်ပြုထားသည်မှတစ်ပါး အခြားအိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံးအတွက်သော်လည်းကောင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းအတွက်သော်လည်းကောင်း လက်ဝယ်ထားပြီး အသုံးပြုလိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ မြို့နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး သက်ဆိုင်ရာ ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၂၇)ဖြင့် လျှောက်ထားရမည်။

၄၆။ သက်ဆိုင်ရာ ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၄၅အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၂၈)ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။

၄၇။ နည်းဥပဒေ ၄၆အရ ထုတ်ပေးသော ခွင့်ပြုချက်သက်တမ်းသည် ခွင့်ပြုချက် ထုတ်ပေးသည့် နေ့ရက်မှစ၍ တစ်နှစ်ဖြစ်သည်။

၄၈။ (က) ထိန်းချုပ်ဓာတုပစ္စည်းကို လက်ဝယ်ထားပြီး အသုံးပြုခွင့်ရရှိသူသည် ခွင့်ပြုချက်သက်တမ်းကုန်ဆုံးပြီးနောက် ထိန်းချုပ်ဓာတုပစ္စည်းကို ဆက်လက်၍ လက်ဝယ်ထားပြီး အသုံးပြုလိုပါက ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရန်၊ ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက် ရယူပြီး ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ပုံစံ (၂၉) ဖြင့် လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ ခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရလျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုပါက ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးရမည်။

၄၉။ ထိန်းချုပ်ဓာတုပစ္စည်းကို လက်ဝယ်ထားပြီး အသုံးပြုခွင့်ရရှိသူသည်–

(က) နည်းဥပဒေ ၄၆ အရ ထုတ်ပေးသော ခွင့်ပြုချက်ကို ထိန်းချုပ်ဓာတုပစ္စည်း လက်ဝယ်ထားပြီး အသုံးပြုသည့်နေရာတွင် ချိတ်ဆွဲထားရမည်။

(ခ) လက်ဝယ်ထားပြီး အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပုံစံ(၃၀)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ်စုစည်း၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) လစဉ်မှတ်တမ်းများ၊ သုံးလတစ်ကြိမ်အစီရင်ခံစာများ၊ ပြေစာ၊ ဘောက်ချာများ၊ စာရင်းဇယားများကို အနည်းဆုံး နှစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သောလမ်းကြောင်းသို့ ပြောင်းလဲ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ရာတွင် အသုံးပြုခြင်း မရှိစေရန် အထူးဂရုပြုရမည်။

(စ) ခွင့်ပြုချက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

အခန်း(၁၀)

စစ်ဆေးခြင်း

၅၀။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုခြင်းရှိမရှိကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကိုထုတ်လုပ်ရာတွင် အလွဲအသုံးပြုခြင်း ရှိမရှိကိုလည်းကောင်း စစ်ဆေးရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကျွမ်းကျင်သူများ ပါဝင်သော စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅၁။ စစ်ဆေးရေးအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းကိစ္စများကိုစစ်ဆေးပြီး ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီသို့ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို တင်ပြရမည်။

(က) ထိန်းချုပ်ဓာတုပစ္စည်းထုတ်လုပ်ခြင်း၊

(ခ) ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊

(ဂ) ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊

(ဃ) ပြည်ပနိုင်ငံတစ်ခုမှ တစ်ခုသို့ မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း၊

(င) ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခြင်း၊

(စ) သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း၊

(ဆ) သိုလှောင်ထိန်းသိမ်းခြင်း၊

(ဇ) သုတေသနပြုလုပ်ခြင်း၊

(ဈ) လက်ဝယ်ထားပြီး အသုံးပြုခြင်း။

၅၂။ စစ်ဆေးရေးအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၅၁ ပါ လုပ်ငန်းကိစ္စများကိုစစ်ဆေးသည့်အခါ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အလွဲအသုံးပြု ကြောင်း သံသယဖြစ်ဖွယ်ရာရှိမရှိ အောက်ပါတို့ကို အဓိကထား၍ စစ်ဆေးရမည်–

(က) ခွင့်ပြုထားသော ထိန်းချုပ်ဓာတုပစ္စည်းကိုလည်းကောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းဖြင့်ထုတ်လုပ်ရန် ရည်ရွယ်သောကုန်ပစ္စည်းကိုလည်းကောင်း၊ ထုတ်လုပ်ခြင်းဟုတ်မဟုတ်၊

(ခ) ထုတ်လုပ်၍ ရရှိသော ထိန်းချုပ်ဓာတုပစ္စည်းများ၊ ထွက်ရှိသော ကုန်ပစ္စည်းများ၏ အလေးချိန်၊ ပမာဏ၊ အရေအတွက်နှင့်ကိုက်ညီမှု ရှိမရှိ၊

(ဂ) ထောက်ခံချက်၊ ခွင့်ပြုချက်ရရှိသော ထိန်းချုပ်ဓာတုပစ္စည်းများတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သုတေသနပြုခြင်း၊ လက်ဝယ်ထားပြီး အသုံးပြုခြင်း ဟုတ်မဟုတ်၊

(ဃ) ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက သွင်းကုန်ကြေညာလွှာ၊ သို့မဟုတ် ပို့ကုန်ကြေညာလွှာပါ ကုန်ပစ္စည်းအရေအတွက် အလေးချိန်နှင့် အမျိုးအစားမှန်ကန်မှု ရှိမရှိ၊

(င) လက်လီလက်ကား ဖြန့်ဖြူးရောင်းချသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ယင်းစာရင်းများ မှန်ကန်မှု ရှိမရှိ၊

(စ) ထုပ်ပိုးခြင်းနှင့် တံဆိပ်ကပ်ခြင်းများသည် မူရင်းထုတ်လုပ်သူ၏ အထုပ်အပိုးနှင့် တံဆိပ်များ မှန်ကန်မှု ရှိမရှိ၊

(ဆ) ခွင့်ပြုချက်မရရှိသူအား ဖြန့်ဖြူးရောင်းချမှု၊ လွှဲပြောင်းပေးမှု ရှိမရှိ၊

(ဇ) သိုလှောင်ထိန်းသိမ်းထားသည့် ပစ္စည်းများဖြစ်ပါက သိုလှောင်ပုံ စနစ်ကျနမှု ရှိ မရှိ၊ စာရင်းများမှန်ကန်မှု ရှိမရှိ၊

(ဈ) လစဉ်အစီရင်ခံစာနှင့် သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ စာရင်းဇယားများ မှန်ကန်မှု ရှိမရှိ။ **(စာမျက်နှာ ၁၆ ကော်လံ ၁ သို့)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန
ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများထုတ်ပြန်

(စာမျက်နှာ ၁၅ မှ)

၅၃။ စစ်ဆေးရေးအဖွဲ့များသည် လွတ်လပ်သောကုန်သွယ်ရေးဇုန်နှင့်အကောက်အခွန်မဲ့ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ အပါအဝင် မည်သည့်နေရာတွင်မဆို ထိန်းချုပ်ဓာတုပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ မြန်မာနိုင်ငံမှ တစ်ဆင့်ဖြတ်သန်းပေးပို့ခြင်းတို့နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၅၂ အရ စစ်ဆေးရမည့် အချက်များအပြင် တရားမဝင်သောလမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုကြောင်း သံသယဖြစ်ဖွယ်ရှိ မရှိအောက်ပါတို့ကို အဓိကထား၍ စစ်ဆေးရမည်–

(က) လိုအပ်သော လိုင်စင်၊ ပါမစ်၊ သွင်းကုန်ကြေညာလွှာ၊ ပို့ကုန်ကြေညာလွှာ၊ ကုန်ပို့လွှာ၊ ထိန်းချုပ် ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ၏ ထောက်ခံချက်၊ ခွင့်ပြုချက် စသည့်စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှုရှိ မရှိ၊

(ခ) တင်သွင်း၊ တင်ပို့သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်း၏အမည်၊နေရပ်လိပ်စာ မှန်ကန်မှုရှိ မရှိ၊

(ဂ) တင်သွင်း၊ တင်ပို့သည့်နိုင်ငံ၊ မြို့နှင့်ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတို့၏ အမည် မှန်ကန်မှုရှိ မရှိ၊

(ဃ) တစ်ဆင့် သို့မဟုတ် ကြားခံဖြတ်သန်းသည့်နိုင်ငံ(ရှိလျှင်)မြို့နှင့် ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ တို့၏ အမည် မှန်ကန်မှုရှိ မရှိ၊

(င) တင်သွင်း၊တင်ပို့သည့် နေ့ရက်နှင့် တစ်ဆင့် သို့မဟုတ် ကြားခံဖြတ်သန်းသည့်နိုင်ငံ(ရှိလျှင်)တွင် ရောက်ရှိသည့် ထွက်ခွာသည့်၊ ပြန်လည်တင်ပို့သည့် နေရက်မှန်ကန်မှု ရှိ မရှိ၊

(စ) တစ်ဆင့် (သို့မဟုတ်) ကြားခံဖြတ်သန်းသည့် နိုင်ငံ(ရှိလျှင်)မှ ပြန်လည်ထုပ်ပိုးခြင်း၊ လွှဲပြောင်းပေးခြင်း ရှိ မရှိ၊

(ဆ) တင်သွင်း၊ တင်ပို့သည့် ယာဉ်အမျိုးအစားနှင့်ယာဉ်အမည်၊ ယာဉ်မှတ်ပုံတင်ထားသည့် နိုင်ငံအမည်၊ ခရီးစဉ်အမှတ် မှန်ကန်မှုရှိ မရှိ၊

(ဇ) ထုပ်ပိုးပုံနှင့် တံဆိပ်အမှတ်အသား မှန်ကန်မှုရှိ မရှိ၊ ပြောင်းလဲမှု ရှိ မရှိ၊

(ဈ) တင်သွင်း၊ တင်ပို့ခြင်းသည် သာမန်ထက်ပိုမိုထူးခြားခြင်း ရှိ မရှိ၊ သမားရိုးကျတင်သွင်း၊ တင်ပို့ခြင်းဟုတ် မဟုတ်၊ တစ်ကြိမ်တစ်ခါတင်သွင်း၊ တင်ပို့ခြင်း ဟုတ်မဟုတ်၊

(ည) တင်သွင်းသူ၊ တင်ပို့သူ ကိုယ်တိုင်၊ ပွဲစား သို့မဟုတ် ကိုယ်စားလှယ်ဖြင့် တင်သွင်းခြင်း၊ တင်ပို့ခြင်း ဟုတ် မဟုတ်၊

(ဋ) တင်သွင်းသည့် ကုန်ပစ္စည်းများအတွက် ငွေပေးချေမှုနည်းလမ်း မှန်ကန်မှုရှိ မရှိ၊

(ဌ) တင်သွင်းသည့်၊ တင်ပို့သည့် နည်းလမ်းမှန်ကန်မှု ရှိ မရှိ။

၅၄။ စစ်ဆေးရေးအဖွဲ့များသည် နည်းဥပဒေ ၅၁ ပါ လုပ်ငန်းကိစ္စများကို စစ်ဆေးရာတွင် လုပ်ငန်းကိစ္စများကို ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်းကိုလည်းကောင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းကိစ္စများတွင် ထိန်းချုပ်ဓာတုပစ္စည်းပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပို၍ လျော့နည်းခြင်းဖြစ်ကြောင်းကို လည်းကောင်း၊ တရားမဝင်သောလမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုကြောင်းကို လည်းကောင်း တွေ့ရှိပါက စစ်ဆေးတွေ့ရှိချက်ကို ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာတင်ပြရမည်။

အခန်း(၁၁)
စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ဝရမ်းကပ်ခြင်းနှင့် ချိပ်ပိတ်ခြင်း

၅၅။ စစ်ဆေးရေးအဖွဲ့များသည် နည်းဥပဒေ ၅၁ ပါ လုပ်ငန်းကိစ္စများကို စစ်ဆေးရာတွင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက–

(က) ဤနည်းဥပဒေများနှင့် မဆန့်ကျင်လျှင် စုံစမ်းစစ်ဆေးခြင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်၊

(ခ) ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ဝရမ်းကပ်ခြင်းနှင့်ချိပ်ပိတ်ခြင်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၏ အခန်း(၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၆။ စစ်ဆေးရေးအဖွဲ့များသည် ရှာဖွေသိမ်းဆည်းရမိသော ထိန်းချုပ် ဓာတုပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်အလက်များကို ဖော်ပြပြီး ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ချက်ချင်းတင်ပြရမည်–

(က) ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအမည်၊ တံဆိပ်အမှတ်အသား၊ ထုပ်ပိုးပုံ၊ အထုပ်အရေအတွက်၊ တစ်ယူနစ်အလေးချိန် ပမာဏ၊ စုစုပေါင်းအလေးချိန်၊

(ခ) ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံ၊

(ဂ) ရှာဖွေသိမ်းဆည်းခြင်းခံရသည့် ပြစ်မှုကျူးလွန်သူအမည်၊

(ဃ) ရှာဖွေသိမ်းဆည်းသည့် နေ့ရက်နှင့် နေရာဒေသ၊

(င) တရားမဝင်အသုံးပြုသည့်ကိစ္စ၊

(စ) တရားမဝင်သောလမ်းကြောင်းသို့ ပြောင်းလဲပြီး အလွှဲအသုံးပြုသည့် နည်းလမ်းနှင့် တရားမဝင်ထုတ်လုပ်မှု(ရှိလျှင်) အကျိုးအကြောင်း ဖော်ပြချက်၊

(ဆ) မြန်မာနိုင်ငံမှတစ်ဆင့် သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် မြန်မာနိုင်ငံတွင် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း(ဖြစ်လျှင်)တင်သွင်းသည့် နိုင်ငံ၊ ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် တင်သွင်းသူ၊ တင်ပို့သူအမည်၊

(ဇ) ရှာဖွေသိမ်းဆည်းရမိသော ထိန်းချုပ်ဓာတုပစ္စည်းနှင့်အတူ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအမျိုးအမည်၊ အလေးချိန်၊ ပမာဏ။

အခန်း (၁၂)
ဓာတ်ခွဲ စမ်းသပ် စစ်ဆေးခြင်း

၅၇။ ဥပဒေပုဒ်မ ၁၆(ခ)အရ ပြစ်မှုဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသော ထိန်းချုပ်ဓာတုပစ္စည်းကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် ထုပ်ပိုးခြင်း၊ ချိပ်ပိတ်ခြင်း၊ အမှတ်အသားတံဆိပ်ဖြင့်ပိတ်ခြင်း၊ ပေးပို့ခြင်း၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်း၊ ပြန်ကြားခြင်း၊ သက်သေခံတင်ပြခြင်းတို့နှင့် စပ်လျဉ်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၏ အခန်း(၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၈။ (က) စစ်ဆေးရေးအဖွဲ့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းကဖြစ်စေ နည်းဥပဒေ ၅၁ပါ လုပ်ငန်းကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ ထိန်းချုပ်ဓာတုပစ္စည်းကို ဓာတ်ခွဲစမ်းသပ်ရန်လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ စစ်ဆေးမည့် ထိန်းချုပ်ဓာတုပစ္စည်း နမူနာကို ဓာတ်ခွဲစမ်းသပ်ချက်ထုတ်ပေးရန် လျှို့ဝှက်သင်္ကေတသတ်မှတ်ချိပ်ပိတ်၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဌာနသို့ဖြစ်စေ၊ နိုင်ငံတကာ အသိအမှတ်ပြုထားသော စစ်ဆေးရေးဌာန၊ အဖွဲ့အစည်းသို့ဖြစ်စေ ပေးပို့၍ စစ်ဆေးနိုင်သည်။

(ခ) ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူသည် ပေးပို့လာသည့် ထိန်းချုပ်ဓာတုပစ္စည်းနမူနာကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်ကို တောင်းခံသောဌာန၊ အဖွဲ့အစည်းနှင့် လုပ်ငန်းရှင်သို့ပေးပို့ပြီး ထိန်းချုပ်ဓာတု ပစ္စည်းကြီးကြပ်ရေးကော်မတီသို့ မိတ္တူပေးပို့ရမည်။ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း ကိစ္စဖြစ်လျှင် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနများသို့လည်း မိတ္တူပေးပို့ရမည်။ ထိုဓာတ်ခွဲစမ်းသပ် စစ်ဆေးချက်များကို မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားရမည်။

(ဂ) သက်ဆိုင်ရာလုပ်ငန်းရှင်သည် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ ကုန်ကျစရိတ်ကို ကျခံရမည်။

အခန်း(၁၃)
အရေးယူခြင်း

၅၉။ ထိန်းချုပ်ဓာတုပစ္စည်းကို ဤနည်းဥပဒေများအရ ထုတ်ပေးသော ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းပြုပါက ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ အရေးယူရမည်။

၆၀။ ထိန်းချုပ်ဓာတုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် လက်ဝယ်ထားပြီး အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲ ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်းကိုလည်းကောင်း၊ ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်းဖြစ်သည်ဟု မှတ်ယူ၍ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ အရေးယူရမည်။

၆၁။ ထိန်းချုပ်ဓာတုပစ္စည်းကို ဤနည်းဥပဒေများနှင့်အညီ ခွင့်ပြုချက်မရှိဘဲ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပနိုင်ငံတစ်ခုမှတစ်ခုသို့ မြန်မာနိုင်ငံမှ တစ်ဆင့်ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်းတို့ကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ သယ်ယူပို့ဆောင်ခြင်းဖြစ်သည်ဟု မှတ်ယူ၍ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)အရ အရေးယူရမည်။

အခန်း(၁၄)
အထွေထွေ

၆၂။ အောက်ပါထိန်းချုပ်ဓာတုပစ္စည်းများ၊ ယင်းတို့နှင့် ပြုပြင်ဖော်စပ်ရောနှော၊ ထုတ်လုပ်ထားသည့် ဆေးဝါးများ၊ ဒြပ်ပေါင်းများနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများအရ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက်ရယူရန်မလို။ သို့ရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုပါက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်–

(က) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်းတစ်မျိုးမျိုးနှင့် ဖော်စပ်ထုတ်လုပ်ထားပြီး ဆေးကုသရာ၌ အသုံးပြုသော ဆေးဝါးများ၊

(ခ) အလွယ်တကူ ဓာတ်ခွဲထုတ်လုပ်၍ ပြန်လည်အသုံး မပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုး၏ ဒြပ်ပေါင်းများ၊ (ဥပမာ) ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုးဖြင့် ပြုပြင်၊ ထုတ်လုပ်ထားသည့် ဘက်ထရီအက်စစ်၊ အလှဆီ၊ အမွှေးနံ့သာ၊ ရေမွှေး၊ ဆပ်ပြာမွှေး၊ ဆိုးဆေး၊ ကြေးချွတ်ဆေး၊ သုတ်ဆေး၊ ဓာတ်မြေသြဇာစသည့် အများပြည်သူ အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံး ကုန်ပစ္စည်းများ၊

(ဂ) အောက်ပါအလေးချိန် ပမာဏ သို့မဟုတ် အရေအတွက်နှင့် အောက်ရှိသော အများပြည်သူ အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံး ဖြစ်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ–

(၁) အက်စစ်တစ်အင်ဟိုက်ဒရိုက် – ၁၀ လီတာ
(၂) ပိုတက်စီယမ် ပါမင်းဂနိတ် – ၅ ကီလိုဂရမ်
(၃) အက်စီတုန်း – ၁၀ လီတာ
(၄) အီသိုင်းလ် အီသာ သို့မဟုတ် ဒိုင်အီသိုင်းလ်အီသာ – ၁၀ လီတာ
(၅) ဟိုက်ဒရိုကလိုရစ်အက်စစ် – ၅၀ လီတာ
(၆) ဆာလ်ဖြူရစ်အက်စစ် – ၅၀ လီတာ
(၇) တော်လူအင်း – ၁၀ လီတာ

(ဃ) ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင် လက်မှတ်ရ ဆရာဝန်နှင့်လူနာများက ဝယ်ယူသုံးစွဲခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ။

၆၃။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့တို့က တင်ပြသည့် အချက်များကိုလည်းကောင်း၊ စစ်ဆေးရေးအဖွဲ့များကတင်ပြသည့် ရှာဖွေ သိမ်းဆည်းရမိသည့် အချက်များကိုလည်းကောင်း၊ ခွင့်ပြုချက်ရရှိသူများ၏ တင်ပြချက်များနှင့် အခြားသောနည်းလမ်းဖြင့်ရရှိသော သတင်းအချက်အလက်များကိုလည်းကောင်း အခြေခံ၍ အောက်ပါအချက်အလက်များကို ဖော်ပြပြီး သတ်မှတ်သည့်အတိုင်း မူးယစ်ဗဟိုအဖွဲ့သို့တင်ပြရမည်–

(က) ထိန်းချုပ်ဓာတုပစ္စည်း ရှာဖွေဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍

(၁) ရှာဖွေသိမ်းဆည်းရမိသော ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအမည်၊ တံဆိပ်အမှတ်အသား၊ ထုပ်ပိုးပုံ၊ အထုပ်အရေအတွက်၊ တစ်ယူနစ်အလေးချိန် ပမာဏ၊ စုစုပေါင်းအလေးချိန်၊

(၂) ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံ၊

(၃) ရှာဖွေသိမ်းဆည်းခြင်းခံရသည့် ပြစ်မှုကျူးလွန်သူအမည်၊

(၄) ရှာဖွေသိမ်းဆည်းသည့်နေ့ရက်နှင့်နေရာဒေသ၊

(၅) တရားမဝင်သောလမ်းကြောင်းသို့ပြောင်းလဲ၍ အလွှဲ အသုံးပြုသည့်ကိစ္စ၊ အလွှဲအသုံးပြုသည့်နည်းလမ်းနှင့် တရားမဝင်ထုတ်လုပ်မှု(ရှိလျှင်) အကျိုးအကြောင်း ဖော်ပြချက်၊

(၆) မြန်မာနိုင်ငံမှတစ်ဆင့်ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း (ဖြစ်လျှင်) တင်သွင်းသည့်နိုင်ငံ၊ တင်ပို့သည့်နိုင်ငံ၊ တင်သွင်း တင်ပို့သည့် ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းအမည်၊တင်သွင်းသူ၊တင်ပို့သူအမည်နှင့်လိပ်စာ၊

(၇) ဖမ်းဆီးရမိသော ထိန်းချုပ်ဓာတုပစ္စည်းနှင့်အတူ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအမျိုးအမည် အလေးချိန်၊ပမာဏ။

(ခ) ထောက်ခံချက်၊ ခွင့်ပြုချက်ဖြင့် ပြည်ပမှတင်သွင်းသည့် ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံကို ဖြတ်သန်းသယ်ယူပို့ဆောင်သည့် ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍–

(၁) တင်သွင်း၊တင်ပို့သည့်ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအမည်၊ တံဆိပ်အမှတ်အသား၊ ထုပ်ပိုးပုံ၊ အထုပ်အရေအတွက်၊ တစ်ယူနစ်အလေးချိန် ပမာဏ စုစုပေါင်း အလေးချိန်၊

(၂) တင်သွင်း၊ တင်ပို့သည့် နိုင်ငံနှင့် ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းအမည်၊

(၃) ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံအမည်၊

(၄) တင်သွင်း၊တင်ပို့သောလုပ်ငန်း၊ ဌာန၊ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်အမည်၊ ရာထူးနှင့်လိပ်စာ၊

(၅) သယ်ယူပို့ဆောင်မည့် ယာဉ်အမျိုးအစား၊ ခရီးစဉ်အမှတ်၊

(၆) တင်သွင်း၊တင်ပို့မည့်နေ့ရက်၊

(၇) ပြည်ပနိုင်ငံ တစ်ခုခု၏ လွတ်လပ်သော ကုန်သွယ်ရေးဇုန်နှင့် အကောက်ခွန်မဲ့ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတင်သွင်းခြင်း၊ တစ်ဆင့်တင်သွင်းခြင်း၊ တစ်ထောက်ရပ်နားခြင်း၊ နိုင်ငံဖြတ်ကျော်ခြင်းဖြစ်လျှင် ယင်းနိုင်ငံဇုန်၊ ဆိပ်ကမ်း၊လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေး စခန်း၊

(၈) တစ်ဆင့် တင်သွင်းသည့်နိုင်ငံ၊ တစ်ထောက်နားသည့်နိုင်ငံ၊ ဖြတ်ကျော်သည့် နိုင်ငံ(ရှိလျှင်)ထိုနိုင်ငံ အမည်၊ ထိုနိုင်ငံသို့ ဆိုက်ရောက်မည့် နေ့ရက်၊ ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း၊ထိုနိုင်ငံမှ ထွက်ခွာမည့်နေ့ရက်၊ ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း။

၆၄။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် ဤနည်းဥပဒေများအရ ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ ထောက်ခံချက်နှင့် ခွင့်ပြုချက်တို့ ထုတ်ပေးခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေနှင့် ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

(ခ) ဤနည်းဥပဒေများအရ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက်နှင့် ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ခွင့်ရရှိသူတို့သည် နည်းဥပဒေခွဲ(က) အရ သတ်မှတ်ထားသော အခကြေးငွေများကို ပေးဆောင်ရမည်။

၆၅။ မူးယစ်ဗဟိုအဖွဲ့သည် နည်းဥပဒေ ၅၁ ပါ လုပ်ငန်းကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ခွင့်ပြုချက်ရယူရန် လျှောက်ထားခြင်းမှ စည်းကမ်းချက်များသတ်မှတ်၍ ကင်းလွတ်ခွင့် ပြုနိုင်သည်။

(ပုံ) ဗိုလ်မှူးကြီးတင်လှိုင်
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန။

မိတ္ထီလာကံကောင်းကျေးရွာ ပညာအလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မိတ္ထီလာ ဇွန် ၃၀

မိတ္ထီလာမြို့ လိန်တောကျေးရွာအုပ်စု ကံကောင်းကျေးရွာ ပညာအလင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကို ဇွန် ၂၇ရက် မွန်းလွဲ ၁နာရီက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းရှိ သီရိရတနာဓမ္မာရုံခန်းမတွင် ကျင်းပသည်။

ဖွင့်လှစ်

ပညာအလင်း စာကြည့်တိုက်ကို မြို့နယ်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ နာယက ကျောင်းတိုက် ဆရာတော် ဦးဇောတိက နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်း ရေးမှူးဦးစိုးသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ထို့နောက် ရန်ကုန်မြို့သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံ ၁၂၃၁ အုပ်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမှ လှူဒါန်းသောမဂ္ဂဇင်း၊ ဂျာနယ်စာအုပ်များကို ဦးစီးအရာရှိ ဦးယဉ်မောင်က လှူဒါန်းရာ စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံယူပြီး နာယကအဖွဲ့ဝင် ဦးစိန်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်ဆောင်ရွက်

ထို့အတူ မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကျေးရွာတိုင်း စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး အတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှုဆောင်အရာရှိ ဦးမျိုးနှင့် ဒုတိယဦးစီးမှူး(အခွန်)ဦးဆယ်မောင်တို့သည် ဇွန် ၈ရက်က သရက်မြို့မဈေးအတွင်း ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် စားသောက်ဆိုင်များအား သန့်ရှင်းသပ်ရပ်စွာ ရောင်းချမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဇွန် ၅ ရက်က ဟင်္သာတမြို့ မြို့နယ်ပန်းခြံအတွင်း သာယာလှပရေး လုပ်ငန်းများဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

ဇွန် ၂၃ ရက်က လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ဦးဆောင်သောဝန်ထမ်းများ ကျေးလက် ရေင်-မကျီးကွင်း လမ်းဘေးဝဲယာတွင် အရိပ်ရအပင် ၅၀၀ ကျော် စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သက်ဆိုင်သူများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ကပ္ပတိန်ဦးသန်းဌေး ၁၂/သဃက(နိုင်)၀၅၅၇၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ရန်ကုန်မြို့၊ အမှတ် (၈၃-က) ကျွန်းရွှေမြိုင်လမ်း၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၂၃) မြေကွက်အမှတ် (၁၃၂) သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ အကျယ်အဝန်း ၀ဒသမ၁၅၂ ဧကရှိ နှစ် ၆၀ ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးသန်းဌေး၊ ဒေါ်ခင်ဟန်တင် အမည်ပေါက် ပိုင်ဆိုင်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်အမှုသည်၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါ မြေနှင့်အိမ်ကို ရောင်းချခြင်း၊ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့လျှင် ပြုလုပ်သူများကို ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများအား သိစေအပ်ပါသည်။

ဦးမျိုး(ခ)ဦးလှသွင် B.A.,R.L
တရားရုံးချုပ်ရှေ့နေ
အမှတ်(၆၀)၊ ပ-ထပ်
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။
ဖုန်း-၃၇၈၆၀၁/၀၉၉၉-၂၁၃၃၃

ကားရောင်းမည်

၅ခ-FUSO (၃၃)လိုင်း
၅ခ-ISUZU (၃၉)လိုင်း
ဘ-DAEWOO (၃၉)လိုင်း
ဖုန်း-၅၅၇၉၃၅

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မုံရွာမြို့၊ ဆူးလေကုန်းရပ် အထက(၃)အရှေ့ဘက်လမ်းနှင့် ဘုန်းစိုးရပ် ပေ ၈၀ လမ်းနေ မခိုင်ခိုင်ဝင်း၅/မရန(နိုင်)၀၁၀၆၀၃ သည် ဖခင်ဖြစ်သူ၏သွန်သင်ဆုံးမမှုများကိုမနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သွားနုတ္တရသမီးအဖြစ်သတ်မှတ်လျက် အမွေစားအမွေခံ သမီးအဖြစ်မှစွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးစိန်ဝင်း ၅/မရန(နိုင်)၀၁၁၀၀၄
ရွှေပြည်စိုး ချည်မျှင်စက်နှင့်စောင်ဖွစက်
၄၂-လမ်း၊ စက်မှုဇုန်၊ မုံရွာမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ဘီ(ကမာရွတ်) မြေကွက်အမှတ် ၂/ခ၏ တစ်စိတ်တစ်ဒေသ ဧရိယာ ၀.၀၆၅ဧကရှိ(အစိုးရမြေ) အမှတ် ၄၀/၄၁ ဘုရင့်နောင်လမ်း ၃ရပ်ကွက် လှိုင်မြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဦးသိုက်ထွန်း၊ ဒေါ်ခင်ထွေးမြင့်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း) ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရန်ကုန်မြို့။

ကားစီးလိုးငှားသည်

Zaw Win & Associates
Z & A Car Renter
ကားပိုင်ရှင်များ
ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၅၄၀၅၄၅၊ ၀၉-၈၀၂၀၀၉၁

မြို့နှင့်ဆိုင်တိုက်ခန်းရောင်းမည်

ဆက်သွယ်ရန် - ၀၉၉၉၉ ၂၅၈ ၂၀

၀၉၀၀ ၂၁၃ ၂၅

(ပွဲစားမလိုပါ)

အမြန်ဆက်သွယ်ကြည့်လိုက်ပါ

ရန်ကုန်မြို့နယ်တွင်းရှိ ကွန်ဒို၊ တိုက်ခန်းများ ရောင်းချလိုပါက ဆက်သွယ်ပါ။

ဖုန်း-၇၀၃၇၁၃၊ ၀၉-၅၀ ၁၀၇၂၄၊ ၀၉-၂၀ ၀၁၁၄၂

① Computerized Accounting (12 Weeks)
Book-keeping & M.Y.O.B Software
② Basic Computer Course (8 Weeks)

☎ 240456 , 250621

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေ အမိန့်၅၊ နည်းဥပဒေ ၂၀)
လားရှိုးမြို့နယ်တရားရုံး၌
၂၀၀၄ခုနှစ် တရားမကြီးမှု အမှတ်-၂

မဇီကျွမ်းဟွာ	နှင့် ဦးလောက်ဂူ
အမှတ် ၄/၁၅၊ လေယာဉ်ကွင်းလမ်း	အခန်း(၈)၊ BMX တိုက်တန်း
ရပ်ကွက် (၁၂)၊ နယ်မြေ (၄)	မဲခေါင်ရပ်ကွက်
လားရှိုးမြို့	တာချီလိတ်မြို့
တရားလို	**တရားပြိုင်**

ယခုအမှုမှ တရားပြိုင် ဦးလောက်ဂူ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇူလိုင်လ ၂၂ရက် (၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်)နေ့ နံနက် ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်၍ တစ်ဖက်သတ် စစ်ဆေးစီရင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်နန်းညိုရှင်းလင်း (LL.B)
ဒုတိယမြို့နယ်တရားသူကြီး
လားရှိုးမြို့နယ်တရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

ဆရာမ ဒေါ်မြမြသန်း (ကထိက-သချာင်္ဌာန၊ ဒဂုံတက္ကသိုလ်)၏မိခင် ဒေါ်သန်းလှ (မော်လမြိုင်-ကတိုး) သည် ၃၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၂၀၀၁-သင်္ချာကျောင်းသူ ကျောင်းသားများ(ဒဂုံတက္ကသိုလ်)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တီ (မိတ္ထီလာ) အသက်(၈၄)နှစ်

United Engineering Co.,Ltd.မှ General Manager ဦးတင်စိုး၏မိခင် ဒေါ်တီသည် ၃၀-၆-၂၀၀၄ ရက်တွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

United Engineering Groups of Companies မှ ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်း(နေဗလဆန်စက်ပိုင်ရှင်)ဥက္ကဋ္ဌ ဖျာပုံခရိုင် မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းသည် ၃၀-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဖျာပုံခရိုင် ဆန်စပါးကုန်သည်များအသင်း။

FOCUS
အင်္ဂလိပ်စကားပြော

- London Style သင်ရိုးဖြင့် သင်ကြားသည်။
- နိုင်ငံခြားသွား (1လ) သို့ (2လ) သင်တန်း
- အင်္ဂလိပ်သဒ္ဒါ ရေး၊ ဖတ်၊ ပြော (သီးသန့်)

အမှတ်(99) ...(အယ်) 15လမ်း ...

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ရက်

တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရ နည်းပညာကောလိပ် (၃)ထပ်အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟင်္သာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(B.Q)နှင့် တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရ နည်းပညာကောလိပ်များမှ အကူအညီ ရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါ လိပ်စာမှ ဆက်သွယ်စုံစမ်း ရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ် ၁၂၃၊ နတ်မောက်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၂၈၇၃၊၅၄၃၃၃၆

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါ လိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက် အကွက်အမှတ် (အ-၁၇)၊ဦးပိုင်အမှတ် (၃၀) ဂရန်မြေကွက်အား ဦးကျော်ဇောလှ မှတ်ပုံတင်အမှတ် ၉/မနမ (နိုင်) ၀၅၄၇၆၉မှ အမှုတွဲအမှတ် ၀၅၅၆/၂၀၀၄-၂၀၀၅ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အင်္ဂလိပ်စကားပြော

တိုက်ခန်းရောင်းမည်

၂၆၊ မဟာဗောဓိလမ်း၊ မြေနီကုန်း၊ အဆင့်မြင့် ပြင်ဆင်ပြီး၊ ဖုန်းပါ။ မြေညီထပ်၊ ခေါင်းရင်းခန်း။ ၁၂ ပေခွဲ x ပေ ၅၀၊

ဖုန်း-၂၁၁၉၆၁၊ ၀၉-၅၀ ၂၁၈၅၆

ဝမ်းနည်းကြေကွဲခြင်း

ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ် တပ်လမ်းနေ ဒေါ်နီလာလှ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇေယျာလင်း 1st Year Geo ပြည်တက္ကသိုလ်၊ မောင်အောင်မင်းပြည့် Grate IX B အထက (၁)တို့၏ ဖခင် ဦးဝင်းအောင် B.Sc Chem ပုသိမ်ကောလိပ် ၁၉၇၉ သည် ၂၈-၆-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၅ မှ ၁၉၇၉ အထိ
ပုသိမ်ကောလိပ်
ကျောင်းသားကျောင်းသူဟောင်းများ
ပြည်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းအောင်
ကျောင်းအုပ်ဆရာကြီး အမက(၇)တာမွေ
အသက်(၅၈)နှစ်

အ-မ-က(၇)တာမွေမှ ဦးသန်းအောင် (ကျောင်းအုပ်ဆရာကြီး) ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အခြေခံပညာမူလတန်းကျောင်း
ကျောင်းအုပ်ဆရာကြီးနှင့်ဆရာမကြီးများ
တာမွေမြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း

ကိုသီဟ
(စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာ မောင်သီဟ)
B.Sc(Bot)
အသက်(၃၉)နှစ်

သူငယ်ချင်း သီဟ ၃၀-၆-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၁-၈၂ TTC ကျောင်းသားကျောင်းသူများ။

ဦးသိန်းအောင် + ဒေါ်ခင်သန်းမြင့်
အောင်ဝံ့ချွန် ဘုရားပွဲလှူဒါန်းဆိုင်
☎ 380870,705852,095020143

အမည်ပြောင်း

ဗိုလ်မှူးဆန်းလွင်ဦး၏သမီး မဖြိုးအိအိလွင် တတိယနှစ် ဥပဒေ၊ တောင်ကြီးတက္ကသိုလ်အား မနှင်းအိခိုင်ဟုလည်းကောင်း၊ မဖြိုးဝေဝေလွင်(အထက-ဗထူး)ဒသမတန်း (ဂ)အား မဝေဖြိုးသူဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းအိခိုင်၊မဝေဖြိုးသူ။

International Business Finance Course

Account Care Group

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်အချိန်
1.	Machinery & Equipments for Chemical Plant	37 items	(၁၃-၇-၂၀၀၄) မွန်းတည့် ၁၂:၀၀ နာရီ
2.	Spare Parts for Paper Mill	47 items	"

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ် ၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။

အခြေခံပညာ အလယ်တန်း၊ အထက်တန်း စာသင်သားများအတွက် Student's Companion စာစဉ်ထုတ်ဝေမည်

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ ကျောင်းသားများအတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၄ ခုနှစ်၊ ဇူလိုင်လဆန်းမှ စတင်၍ ပြန်လည်ထုတ်ဝေပါမည်။

ယခင်နှစ်များနည်းတူ ဇူလိုင်လမှ ဒီဇင်ဘာလအထိ (၆)လတာ ကာလအတွင်း အလယ်တန်း (၅၊၆၊၇၊၈-တန်း)အတွက် တစ်စောင်၊ အထက်တန်း (၉ တန်းနှင့် တက္ကသိုလ်ဝင်တန်း) အတွက် တစ်စောင်၊ တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် ပုံမှန်ထုတ်ဝေပါမည်။ စောင်ရေအကန့်အသတ်ဖြင့် ရိုက်နှိပ်ဖြန့်ချိမည်ဖြစ်ပါ၍ တစ်စောင်လျှင် လက်ကားဈေး ကျပ်၅၀ (၆)ကြိမ်နှုန်းဖြင့် နယူးလိုက်အော့ဖ် မြန်မာ သတင်းစာတိုက်၊ ဖြန့်ချိရေးဌာန၊ အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၇၀၉၃ သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

ရဟန်းဒါယကာ ဦးအောင်မင်း B.A (Geo)

စာရင်းစစ်မှူး(ငြိမ်း)
အသက်(၅၆) နှစ်

တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၀၁)နေ (ဦးအောင်သိန်း-ဒေါ်မြညွှန့်)တို့၏သား၊ (ဦးစံဖဲ)-ဒေါ်တဆုတ် တို့၏ သားသမက်၊ ဒေါ်စန်း၏ခင်ပွန်း၊ ဦးသိန်းလွင်-ဒေါ်ခင်မြသိန်း တို့၏ အစ်ကို၊ ကိုသီဟအောင်-မခိုင်ခိုင်သင်း၊ ကိုဘိုဘိုအောင်-မမိုးမိုး၊ မမော်မော်အောင်၊ မစန္ဒီအောင်တို့၏ ဖခင်၊ မောင်ထူးအောင်လွင်(သန်လျင် (GTC)၊ မောင်တိုးအောင်လွင်တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏ အဘိုး ဖြစ်သူသည် ၂၈-၆-၂၀၀၄ (တနင်္လာနေ့) ည ၁၁:၀၀ နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂:၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဖခင်၊ မိခင် အမည်မှန်

အထက(၃) ဒဂုံ(မြောက်)၊ နဝမတန်း (I)မှ မပန်းနုဇံ၏ ဖခင်၊ မိခင် အမည်မှန်မှာ ဦးမောင်မောင်ဇံ ၁၂/အစန (နိုင်) ၁၀၁၇၁၄နှင့် ဒေါ်ဥမ္မာယဉ်မင်း ၁၂/အစန (နိုင်) ၁၀၁၇၁၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၃)သာကေတ နဝမတန်း(G) မှ မသီတာဦး၏ ဖခင် အမည်မှန်မှာ ဦးစံညို ဖြစ်ပါသည်။

ဦးစံညို။

အမည်ပြောင်း

ဦးမင်းဇော်၏သမီး အထက(၂) စမ်းချောင်း ဒသမတန်း (C)မှ မစောစန္ဒီမင်း ၁၂/စခန(နိုင်) ၀၆၆၁၂၂ အား မစောစန္ဒီဇော်ဟု ခေါ်ပါရန်။

စောစန္ဒီဇော်။

အမည်ပြောင်း

ဦးမျိုးဝဏ္ဏ၏သမီး သဃ်န်းကျွန်း အထက(၁) ပဋ္ဌမတန်း(စ)မှ မခိုင်ဆုဝေအား မစုစန္ဒီမျိုးဟု ပြောင်းလဲခေါ်ပါရန်။

မစုစန္ဒီမျိုး။

အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီဦးရာကွတ်လဆန်းနီးယား(ခ)
ဟာဂျီဦးကျော်ကျော်ဦး
မန္တလေးမြို့
အသက်(၅၂)နှစ်

၈၃-၈၄ကြား၊၂၅-၂၆ကြား၊သရဖီပင်လက်ျာနေ (ဟာဂျီဦးအီစမာန်အင်လဆန်းနီးယား-ဟာဂျီမဒေါ်ဟဝါးဘီဘီလဆန်းနီးယား)တို့၏သား၊ (ဦးစလီမာမတ်-ဒေါ်ဇိုဘေဓာဘီ)တို့၏ သားသမက်၊ အစ္စလမ်ဘိုင်(ခ)ကိုကျော်ဝင်း-ခတီဇာဘီဘီ(ခ)မနီနီဝင်း၊ ဟာရွန်ဘိုင်-မရေဟာနား၊ မိုဟာမွတ်ဂျာဝတ်-ပရာဝင်း၊ ဟာဆန်ဘိုင်-ရွတ်စာနား၊ အီလီယာတ်-ဇိုဘေဓာဘီ၊ ဖော်ဇီယားဘီဘီ၊ အီစမာန်အင်တို့၏မွေးသဖခင်၊ မြေး(၁၀)ယောက်တို့၏အဘိုး ဟာဂျီမဒေါ်ဂိုရီ(ခ)ဒေါ်တင်တင်ဝင်း၏ ခင်ပွန်းသည် ၃၀-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀ နာရီတွင် အလ္လာအရှင်မြတ် အမိန့်တော် ခံယူသွားပါသဖြင့် ၁-၇-၂၀၀၄ ရက် (ကြာသပတေး)နေ့တွင် ဇဟိုနမာဇ် အပြီးတွင် သရဖီပင်လက်ျာနေအိမ်မှ တောင်မြင့်ကဘာစတန်သို့ ပို့ဆောင် ဒါဖနာပြီးစီးပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရောင်း/လဲ/ငှားမည်

88 Model (Air Con, MiniBus)

နံပါတ်ပြာ 8A-ရောင်းမည်။
ကားမျိုးစုံငှားမည်။

ဖုန်း-၅၂၄၆၈၆၊ ၀၉-၈၀-၂၄၀၄၄

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်နူရ်းဂျန်းဘီ(ခ)
ဒေါ်တင်အုန်းကြည်(မမီးမီး)
အသက်(၄၂)နှစ်

ပြင်ဦးလွင်မြို့နေ၊ မရ်ဟွန်ဟာဂျီဦးအောင်သိန်း-ဟာဂျီမ ဒေါ်ခတီဂျာ တို့၏ချွေးမ၊ ကျောက်မဲမြို့ မြောက်ကုန်းရပ်နေ ဦးအီစာ(ခ) ဦးကိုကြီး-ဒေါ်နီနီမြင့်တို့၏သမီး၊ ကိုကျော်ကျော်၊ ကိုသိန်းထွန်း၊ ကိုအောင်သိန်းတို့၏ ညီမ၊ ကိုမောင်မောင်၏အစ်မ၊ မရွှေရည်ဝင်းနိုင်၊ မောင်စည်သူဝင်းနိုင်တို့၏ မိခင်၊ မရ်ဟွန်ဦးဝင်းနိုင် (စိန်သုံးလုံးကိတ်မုန့်တိုက်-ပန်းခြံ)၏ ဇနီးသည် ၁၃-၆-၂၀၀၄ နံနက် ၆:၅၀ နာရီတွင် အလ္လာရှင်မြတ် အမိန့် တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အဆွာရ်နမာဇ်အပြီးတွင် ပြင်ဦးလွင် ကဘာစတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းတင်(ခ)ဒေါ်မကြီး

မြေပုံမြို့၊ ရခိုင်ပြည်နယ်
အသက်(၈၃)နှစ်

မြေပုံမြို့ ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်ကွက်၊ (ဦးဖိုးကျော့-ဒေါ်မိုးစိန်) တို့၏သမီးကြီး၊ (ဦးအောင်ထွန်းဦး) (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ဇနီး၊ ဦးလှဖော် (က/သ လယ်ယာ-ငြိမ်း)-ဒေါ်မအောင်၊ (ဦးထွန်းအောင်ကျော်)၊ဒေါ်သိန်းမြင့်၊ ရန်ကုန်မြို့၊ ဒေါ်စံဝင်းဖြူ (သမဌာန၊ မြေပုံ)၊ ဦးကျော့စိန်လှ (ထွေအုပ်၊မြေပုံ)၊ ဒေါ်နှင်းအေး(အထပြ၊ အထက၊ မြေပုံ)၊ ဦးစိုးဝင်း(အလက ကျောင်းအုပ်၊ ဆင်ဒင်ကလေး၊သံတွဲ) -ဒေါ်စိန်မြင့်(အထပြ၊ အထက(၁)၊ ကျောက်ဖြူ)၊ ဦးစံသာထွန်း (တွဲဖက်ပါမောက္ခ၊ အဏ္ဏဝါသိပ္ပံဌာန၊ ပုသိမ်တက္ကသိုလ်)-ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ခင်သိန်း(အထပြ၊ အထက၊ မြေပုံ) တို့၏ မိခင်၊ မြေး ၁၈ ယောက်၊ မြစ်သုံးယောက်တို့၏ အဘောင်ရှင် အဖီးရှင်သည် ၂၂-၆-၂၀၀၄ ရက် (စနေနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၀၄ ရက်တွင် မြေပုံသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မချိုနွယ်အေး

ညောင်ဦးမြို့နယ်၊တက်မကျေးရွာ
အသက်(၂၃)နှစ်

တက်မကျေးရွာနေ ဦးအောင်ကို-ဒေါ်ခင်မာဝင်းတို့၏သမီး၊ ကိုကျော်နိုင်မင်း၏ညီမ၊ ရန်ကုန်မြို့နေ ဦးဥတ္တရ၊ ဦးတေဇ၊ ဦးမင်းကြည်၊ ဦးကျော်ဝင်း၊ ဦးကျော်ညွှန့်၊ ဦးမိုးကောင်း၊ ဦးမြင့်လွင်၊ ဦးမြင့်အောင်၊ ဦးဝင်းစိန်-မခင်မာနှင်း၊ မခင်မာသင်းတို့၏တူမသည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမင်းဟန် (သန်လျင်)
အငြိမ်းစားအင်ဂျင်နီယာ(ယခင် ဘီအိုစီ)
အသက်(၈၉)နှစ်

သန်လျင်မြို့နေ(ဦးအဖောင်−ဒေါ်လှမင်း)တို့၏သား၊ သန်လျင်မြို့ဖိုလ်ချုပ်ရွာနေ (ဦးသိန်းမောင်−ဒေါ်မယ်ရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်၊ လှည်းတန်း ၁ လမ်း၊ အမှတ် ၃(ဂ)နေ ဒေါ်သောင်းမြင့်တို့၏ခင်ပွန်း၊ ဒေါ်ညိုညိုဝင်း၊ ဦးဘုန်းမြင့်−ဒေါ်ကြည်ပြာမင်းဟန်၊ ဦးမြင့်ဟန်၊ ဦးအောင်မြင့်−ဒေါ်ဖြူဖြူမင်းဟန်၊ ဦးအောင်ဝင်း−ဒေါ်နီနီမင်းဟန်တို့၏ဖခင်၊ ကိုဟန်ဝင်းမော်−မဇင်နီအောင်၊ ကိုထွန်းထွန်းအောင်−မဇင်သီအောင်၊ ကိုသက်နိုင်−မစုဘုန်းမြင့်၊ မောင်ကျော်ငြိမ်း၊ မနိုနိုအောင်ဝင်းတို့၏ဘိုးဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂−၇−၂၀၀၄ရက် (သောကြာနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှစိန် (မြမြဝင်းပုံနှိပ်တိုက်)
အသက်(၈၀)

ရန်ကုန်မြို့၊အလုံမြို့နယ်၊အောက်ကြည့်မြင်တိုင်လမ်း၊အမှတ် ၃၁၁/၃၁၃ နေ [ဦးလူရှိန်−ဒေါ်ထွန်းမေ(ခ)ဒေါ်ကွန်နွတ်]တို့၏သမီး၊ (ဦးထွန်းအောင်−ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ (ဦးသန်းညွန့်−ပညာတန်ဆောင်)၏ဇနီး၊ ဒေါက်တာမေစီ−ဦးအာယု (သီရိဇေယျ သကြားစက်၊မန္တလေး)၊ ဒေါက်တာကျော်မြင့်ဦး−ဒေါ်ရွှေစင်ထွေး၊ ဒေါ်ကြည်ကြည်ညွန့်(အထက်တန်းပြ၊ အထက−၄၊ အလုံ)−ဦးလှအောင်[လက်ထောက်အင်ဂျင်နီယာချုပ်(မြို့ပြ)မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း]၊ ဦးမျိုးမြင့်(ပညာတန်ဆောင်)−ဒေါ်စန်းစန်းဝင်း(အထက−၄၊ အလုံ၊ ငြိမ်း)၊ ဒေါ်အိ(ကထိက၊ သချ်ာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)−ဦးစိုးတင့် (ဒုတိယညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန)၊ ဒေါက်တာအောင်မြင့်ဦး (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)−ဒေါ်မိတင်တင်စိုးအေး (ကထိက/ဌာနမှူး၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ်−၁)တို့၏မိခင်၊ ဒေါက်တာသုဝဏ်(အလုပ်သင်ဆရာဝန်၊ မန္တလေးဆေးရုံကြီး)၊ မောင်မင်းဇော်ထွဋ်(ခေတ္တ−စင်ကာပူ)၊ မပန်းဖြူ(2nd MB,I.M.M)၊ ဗိုလ်လောင်းပြည့်ဖြိုးအောင်(2nd MB တပ်မတော်ဆေးတက္ကသိုလ်)၊ မအေးဆုမြတ်သွယ်(ပထမနှစ်၊ကွန်ပျူတာတက္ကသိုလ်)၊ မဖြူထွေး(အထက−၁၆၊ မန္တလေး)၊ မင်းချမ်းမွန်ညိမ်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မလဲ့ရည်မျိုး (X-A၊ အထက−၄၊ အလုံ)၊ မိသက်ငုံဦး(VII-I ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မောင်သက်ထွန်းအောင် (VII-Iပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း)တို့၏ဘွားဘွားကြီးသည် ၃−၇−၂၀၀၄ရက်(စနေနေ့) နံနက် ၇း၄၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅−၇−၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာအောင်ဆန်း (ဒါးက)
အသက်(၅၈)နှစ်

ဧရာဝတီတိုင်း၊ ကန်ကြီးဒေါင့်မြို့နယ်၊ ဒါးကမြို့နေ (ဦးဘငွေ−ဒေါ်သိန်းညွန့်)တို့၏သား၊ ဦးခွေးယ−(ဒေါ်တင်ရှိန်)၊ ဒေါ်တင်ခန့်တို့၏မောင်၊ ဒေါက်တာချိုနွယ်အေး၏ခင်ပွန်း၊ ဦးရဲထွဋ်အောင်(အင်္ဂလိပ်စာဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ မောင်ရဲထက်အောင်တို့၏ဖခင်သည် ၂−၇−၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဒါးကသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးစောရွှေယုံ တောအုပ်ကြီး(ငြိမ်း)၊ဘားအံမြို့(မုဒုံ) အသက်(၉၀)

ဦးစောတင်ဝင်း(ခ)ဦးမောင်မောင်(မြစည်သူစက်လှေ)−ဒေါ်တင်နွဲ့နွဲ့ဦးတို့၏ဖခင် ဦးစောရွှေယုံသည် ၁၆−၆−၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအင်ဘီး−မစန်းစန်းအေး၊ ကော့သောင်းမြို့။

ဒေါ်စန်းတီ
(ခေတ်သစ်ကဖီး၊မြေနီကုန်း)
အသက်(၇၄)နှစ်

အမှတ် ၂၆၅၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့နေ [ဦးစိန်(ခ)ဦးအိကြောင်]၏ ဇနီး၊ ဦးဝင်းစိန် − ဒေါ်စန်းစန်းကြူ၊ ဒေါ်ဝင်းကြည် (ရွှေနန်းရောင်းဝယ်ရေး၊ ညောင်ပင်လေးဈေး)၊ ဦးအေးအေး−ဒေါ်မြဝင်း(ပြည့်ဝကျော် ဆီဆိုင်)၊ ဒေါ်စန်းဝေ၊ ဦးမောင်မောင်−ဒေါ်မေဖွားတို့၏မိခင်၊ မောင်ရဲမျိုးမင်း၊ မအေးအေးခိုင်၊ မောင်သာထက်၊ မအေးအေးအောင် (အထက−၁၊ဒဂုံ)၊ မောင်အောင်မျိုးမင်း (အထက−၁၊ဒဂုံ)၊ မလှမျိုးစု၊ မဖြူနှင်းသော်၊မောင်အောင်ကိုသက်တို့၏အဘွားသည် ၃−၇−၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅−၇−၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးခန့်စိန်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ် ၁၉၊ သရက်တောလမ်းနေ (ဦးမိုးသီး−ဒေါ်လှတိုး)တို့၏သား၊(ဒေါ်တင်လှ)၏ခင်ပွန်း၊ ဦးမြင့်−ဒေါ်မြင့်မြင့်(သရက် ဘိလပ်မြေစက်ရုံ)၊ (ဦးကိုကိုကြီး−ဒေါ်တင်လှ)၊ (ဦးတင်ကြည်)တို့၏အစ်ကို၊ (ဦးလှဝင်း)−ဒေါ်သန်းသန်းထွေးတို့၏ဦးလေးသည် ၃−၇−၂၀၀၄ရက် နံနက် ၂း၄၅ နာရီတွင် အာရှတော်ဝင် နှလုံးနှင့်အထွေထွေရောဂါအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအုန်းကြိုင် (ခနေဖြူကျုံတနီး)
အသက်(၇၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၇၈(ဒီ)နေ (ဦးမောင်မှတ်−ဒေါ်ထွေးတင်)တို့၏သား၊ (ဦးအုန်းဖေ−ဒေါ်ခင်တင့်)တို့၏ သားသမက်၊ဦးကုန္တသဘ၊ဦးဝဇိရဉာဏတို့၏ခမည်းတော်၊ (ဦးခင်အေး−ဒေါ်ခင်ဥ)တို့၏ညီ၊ ဦးကြည်မြင့်−ဒေါ်အေးအေးကြူတို့၏အစ်ကို၊ ဒေါ်ခင်သိန်း (မိသားစုဆေးဆိုင်လုပ်ငန်း)၏ ခင်ပွန်း၊ ဒေါ်ခင်စန်းမြင့်၊ ဦးသန်းလွင်−ဒေါ်မြတ်မြတ်ဦး၊ ဦးခင်မောင်လွင်−ဒေါ်ခင်ချိုချို၊ ဦးတင်ငွေအောင်(စွမ်းအင်ဝန်ကြီးဌာန)−ဒေါ်တင်တင်ခိုင်၊ ဦးစိုးနိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၃−၇−၂၀၀၄ရက် (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅−၇−၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှလှမွှေး
အမက(၂၁)၊ဟင်္သာတ
အသက်(၄၁)နှစ်

အမှတ် ၃၉၀၊ ဈေးကလေးလမ်း၊ တာငါးဆယ်တောင်၊ ဟင်္သာတမြို့နေ ဦးလှမြင့်−ဒေါ်ငြိမ်းမြတို့၏သမီး၊ဦးအေးကို−ဒေါ်ညွန့်ညွန့်တို့၏ သမီးချွေးမ၊ ဦးသိန်းထွဋ်ဦး(ဟိုတယ်/ခရီး၊ဟင်္သာတ)၏ဇနီး၊ ဦးလေးလွင်(ကျန်းမာရေးမှူး)−ဒေါ်သန်းသန်းအေး (အထက၊ ဒူးယား)၏ညီမ၊ ဦးဇော်လင်းအောင်(ခရိုင်စာရင်းရုံး)−ဒေါ်စံပယ်စိုး (မြန်မာ့ဂုဏ်လျှော်)၊ မောင်ဇော်မင်းစိုးတို့၏အစ်မ၊ မသင်းခိုင်ဝေ၊ မောင်ညီထက်ဇော်တို့၏မိခင်သည် ၃−၇−၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၅−၇−၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကားများ ၂၃၇၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏနေအိမ်မှ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်ပြုံး (ကွမ်းခြံကုန်း)
အသက်(၉၇)နှစ်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း၊ အမှတ် ၆၆ နေ (ဦးမောင်ညွန့်)၏ဇနီး၊ ဦးကျော်လှိုင်−(ဒေါ်မြသန်း)ဒေါ်ပြုံး၊ ဦးကျော်မြိုင်−ဒေါ်အေးအေး၊ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး၊ Golden Beach Hotel Chaung Tha)−ဒေါ်ခင်ခင်အေး(ရွှေဆောင်ပုံနှိပ်တိုက်)၊ ဦးကျော်စွာ−ဒေါ်မြမြသွင်တို့၏မိခင်၊ ဦးအောင်ကျော်ဦး−မဂီ (Artman Co., Ltd. & Idea Co.,Ltd.)၊ ဒေါက်တာအောင်ကျော်ထူး၊ ဦးအောင်ကျော်ဖြူ−မတယ်မီ၊ မောင်အောင်ကျော်ကျော်(ဆေး−၁)၊ မောင်ဖြိုးဝေခိုင်(UC Berkeley)၊မောင်တေဇာခိုင်၊မောင်ထိန်လင်းခိုင်၊ မောင်ထိန်ဝင်းခိုင်၊ မြေး ၁၁ ယောက်နှင့် မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၃−၇−၂၀၀၄ရက် ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇−၇−၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောဖေ (မြိတ်)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့်ဘုန်းကြီးလမ်းထောင့်၊ အမှတ် ၅၁၆/၅၁၈(ခုနစ်လွှာ)နေ (ဒေါ်ကြင်မေ)၊ (ဦးသံလုံ−ဒေါ်ခင်)တို့၏သားကြီး၊ (ဦးပေါ်ရား−ဒေါ်ဖွားမေ)တို့၏သားသမက်၊ (ဒေါ်ကြင်မြိုင်)၏ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာစိုးမောင်(ငြိမ်း၊ အကြောအဆစ်)၊ ဦးဖေသန်း(ငြိမ်း၊ လယ်/ရှင်း)−ဒေါ်ယုတင်၊ ဒေါက်တာဖေဝင်း−ဒေါ်တင်တင်အုံး (ငြိမ်း၊ ဗဟိုသုတေသန)၊ (ဦးညွန့်ရင်)၊ ဦးသန်းဇော်−ဒေါ်တင်တင်ဌေး (ဖြိုးမောက်ကုမ္ပဏီ)၊ ဒေါ်ရီရီဌေး (ငြိမ်း၊ အထပြ၊ ထ−၁၊ လမ်းမတော်)၊ ဒေါက်တာကျော်ဆန်း (အရိုးအထူးကုဆရာဝန်ကြီး၊ မြိတ်ဆေးရုံ)−ဒေါ်မာလာဆွေ၊ ဦးသိန်းထွေး−ဒေါ်အေးအေးသီ၊ ဦးဝင်းထိန်−ဒေါ်အေးအေးယု(Power Win Co., Ltd.)တို့၏ဖခင်သည် ၃−၇−၂၀၀၄ရက် (စနေနေ့) နံနက် ၆း၁၀နာရီတွင် ဗဟိုရိပ်စည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဇင်လွင် (လတ်လတ်)
B.A (Law), LL.B (တရားရုံးချုပ်ရှေ့နေ)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၊ သီရိလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်နေ [ဒုတိယဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)]−ဒေါ်ခင်လေးလွင်တို့၏သား၊ ဦးဇော်ဝင်း (Eastwind)၊ ဦးဇော်လွင်(Eastwind)တို့၏ညီ၊ ဒေါက်တာကြွယ်လွင်−ဒေါက်တာတင်နွဲ့ဝင်း၊ ဒေါ်ကျော့ကျော့လွင်[O.EM (M) Co., Ltd.]၊ဒေါ်ဆွေဆွေလွင်[O.EM (M) Co., Ltd.]တို့၏အစ်ကို၊ မောင်ရဲအောင်ပြည့်၊ မောင်ရဲသက်နိုင်၊ မစုစန္ဒာလွင်−မောင်မျိုးမင်းဝင်းတို့၏ဘကြီးသည် ၃−၇−၂၀၀၄ရက် (စနေနေ့) ညနေ ၄း၄၅ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမ
ဒေါ်ကျင်စွမ်(ခ)ဒေါ်ရင်ရင်
(ပဒေသာရပ်ရှင်)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၁၀ နေ (ဦးစံရ−ဒေါ်ကြွေ)တို့၏သမီး၊ (ဦးထွန်းလင်း)၏ဇနီး၊ ဒေါ်ကျင်အေး (ဦးကျင်သိန်း)တို့၏ညီမ၊ ဦးမြတ်စံ−ဒေါ်တုတ်တုတ်တို့၏ အစ်မ၊ ဒေါ်သန်းသန်းညွန့် − (ဦးတင်ထွေး)၊ ဒေါ်သန်းသန်းဌေး−ဦးတင်မိုး၊ ဒေါ်စန်းစန်းတင့်−ဦးမောင်မောင်တို့၏ မိခင်၊ သူရိန်တင်ထွေး၊ ဇော်ရဲမြင့်၊ ကဥ္စနာမြတ်မြတ်ထွေး၊ ကလျာမြတ်မြတ်ထွေး၊ မြင့်မိုရ်မောင်တို့၏အဘွားသည် ၃−၇−၂၀၀၄ရက် နံနက် ၀၀း၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅−၇−၂၀၀၄ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကားများ (၁) အမှတ် ၉၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ (၂)အမှတ် ၂၇၃၊ ပန်းဆိုးတန်း၊ ပဒေသာရပ်ရှင်၊ (၃)အမှတ်၁၆၆၊ ဗိုလ်ချုပ်လမ်းနှင့် (၄) အမှတ်၁၁၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး နေအိမ်ရှေ့များမှ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးသန်း
(ဆိပ်ကမ်းသာတည်းခိုခန်း၊ ဘုရားကြီးရပ်၊မုံရွာ)
အသက်(၈၅)နှစ်

မုံရွာမြို့၊ဘုရားကြီးရပ်ကွက်၊တရုတ်တန်းလမ်းနေ ဆိပ်ကမ်းသာတည်းခိုခန်းပိုင်ရှင် ဒေါ်စန်း၏ခင်ပွန်း၊ ဦးသိန်းထွန်း၊ ဒေါ်နှင်း၊ ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်မာချို၊ မောင်နိုင်မျိုးထက်တို့၏ဖခင်သည် ၃−၇−၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် မုံရွာမြို့နေအိမ်မှ ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး
စာရင်းစစ်ဦးစီးမှူး(ငြိမ်း)
အသက်(၇၃)နှစ်

သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ တိုက် ၃၊ အခန်း ၈ နေ (ဦးဘရွှေ−ဒေါ်ထွေး)တို့၏သား၊(ဦးလှ)−ဒေါ်အေးကြည်၊ (ဦးကြီးမြင့်)−ဒေါ်အမာတို့၏မောင်၊ ဦးထင်ဇော်(MSAI)−ဒေါ်ခင်မာမာအေး၊ ဒုတိယဗိုလ်မှူးကြီးရဲမင်းအေး−ဒေါ်နန်းနုတို့၏ဖခင်၊ မောင်အောင်နိုင်သူ၊ မောင်ကျော်ကောင်းလူ၊ ဇာနည်ရဲမင်း၊ စည်သူရဲမင်းတို့၏အဘိုးသည် ၃−၇−၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅−၇−၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးမောင်ငယ်(ခ)
ဦးညီငယ် (မိုးခိုင်ကြီး)
အသက်(၈၀)

သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇမ္ဗူအေးဆရာတော် အရှင်တေဇိန္ဒ၏ ရဟန်းဒါယကာ၊ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ မိုးခိုင်ကြီးကျေးရွာနေ (ဦးဖိုးသောင်−ဒေါ်စောလှ)တို့၏သား၊(ဦးထွန်းစိန်−ဒေါ်ဝက်)တို့၏သားသမက်၊ အမှတ် ၉၉၅၊ ရတနာပုံ ၁၁ လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဒေါ်မြကြင်)၏ခင်ပွန်း၊ဦးတင်လှ−ဒေါ်လှိုင်(သ/မဦးစီး)၊ (ဦးမြင့်စိန်)−ဒေါ်စိုးစိုးမြင့်၊ဦးသန်းညွန့်−(ဒေါ်သန်းသန်းစိန်)၊ ဦးတင်အောင်−ဒေါ်နုနုရီ (အမက−၁၀၊ သာကေတ)၊ ဦးတင်ဝင်း−ဒေါ်ခင်အေးကြည်၊ ဦးဝင်းမြင့်−ဒေါ်ခင်ကြည်ဝင်း၊ ရဲတပ်ကြပ်အေးဝင်း (ဒုစရိုက်နှိမ်နင်းရေးဌာနစု၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး)−ဒေါ်ဘေဘီ၊ ဦးတင်မြင့်စိုး (စစစ) − ဒေါ်မြသီတာ၊ ဦးဇော်မင်းလွင်−ဒေါ်မြသန္တာ၊ ဦးမြင့်လွင်−ဒေါ်အိအိထွေးတို့၏ဖခင်၊မြေး ၃၄ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၃−၇−၂၀၀၄ရက်(စနေနေ့)နံနက် ၃း၂၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅−၇−၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်
(ပခုက္ကူ/စစ်ကိုင်း)
အလက(၈)၊အင်းစိန်
အသက်(၅၀)

ရန်ကုန်မြို့၊ ၆(D)၊ နံ့သာကုန်းရိပ်သာလမ်း၊ အင်းစိန်မြို့နယ်နေ အငြိမ်းစား စက်ရှင် တရားသူကြီး (ဦးစိန်ဖေ)−ဒေါ်တင်တင်နွယ်တို့၏သားကြီး၊ ဦးဝင်းမြင့်စိန်−ဒေါ်သန်းသန်းနွယ်၊ ဒေါ်ညိမ်းညိမ်းဖေ၊ ဦးမျိုးသန့်ဖေ (လက်ထောက်၊ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ခင်ပြုံးပြုံး ဖေ(အထက−၂၊ ကမာရွတ်)တို့၏ အစ်ကိုကြီး၊ မောင်နေအောင်ဖေ၊မောင်ဥက္ကာဖေတို့၏ဦးကြီးသည် ၂−၇−၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၆−၇−၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးအုန်းညွန့်
(သီရိမြိုင်ရပ်ရှင်ရုံ၊ မန်နေဂျာဟောင်း)
အသက်(၈၄)နှစ်

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့၊ အရှေ့မြို့ပတ်လမ်း၊ အိမ်အမှတ် ၁၁ နေ(ဦးပိန်−ဒေါ်သက်နေ)တို့၏သား၊ ဒေါ်ခင်ရီ၏ခင်ပွန်း၊ (ဦးသန်းညွန့်−ဒေါ်ရွှေ)၊ ဦးဝင်းတင်−ဒေါ်သောင်းမေတို့၏အစ်ကို၊ ဦးခင်မောင်အုန်း−ဒေါ်သိန်းလှ၊ ဦးခင်မောင်ပြုံး၊ ဦးခင်မောင်ဖုန်း−ဒေါ်အေးအေးသွယ်တို့၏ ဖခင်၊ မောင်သန်းဇော်ဦး၊ မောင်ဟန်ရွှေမင်း၊ မောင်မြင့်ဇော်၊ မရီရီဌေး၊ မောင်နေဝင်းအောင်၊ မောင်စည်သူဇော်ဦး၊ မောင်ကျော်ခိုင်ထွန်းတို့၏အဘိုးသည် ၂−၇−၂၀၀၄ရက်(သောကြာနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄−၇−၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည် (ညောင်ဦး)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၃၊ သစ်ခွပန်းလမ်း၊ ကြည့်မြင်တိုင်နေ (ဦးဘထူး−ဒေါ်ဖွားသင်)တို့၏သမီး၊ (ဦးစံမြင့်−ဒေါ်ကျင်နှစ်)တို့၏သမီးချွေးမ၊ (ဦးငွေကြိုင်)၏ဇနီး၊ (ဒေါက်တာကျော်မင်း)−ဒေါ်တင်ရီ၊ (ဦးစိုးတင့်)−ဒေါ်တင်ရွှေ၊ ဒေါက်တာကျော်ညွန့် (ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး)−ဒေါက်တာလှလှ(ခိုင်ဆေးခန်း)တို့၏မိခင်ကြီး၊မြေး ၁၃ယောက်တို့၏အဘွား၊မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂−၇−၂၀၀၄ရက် နံနက် ၅း၀၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄−၇−၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးညွန့်မောင် (သံတွဲမြို့)
လူဝင်မှုကြီးကြပ်ရေး(ငြိမ်း)
အသက်(၇၈)နှစ်

သံတွဲမြို့၊ရတနာလမ်းနေ(ရဲဝန်ထောက် ဦးဘိုးကြွယ်−ဒေါ်ရွှေချိန်)တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ ပါရမီအိမ်ရာ၊ တိုက် ၂၊ အခန်း ၂၀၃ နေ ဒေါ်ဆင့်၏ခင်ပွန်း၊ ဦးစန်းလွင်−ဒေါ်သောင်းစိန်၊ ဒေါ်စန်းစန်းအေး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးညွန့်ဝင်း (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)−ဒေါ်ထွေးယဉ်တို့၏ဖခင်၊ မောင်စည်သူလွင်(E/Cadet)၊ မခင်ဘုန်းလွင် (GTC၊ မော်ဘီ)၊ မဆုမြတ်နွယ် (အမက−၂၃၊ ဒဂုံမြောက်)၊ ဒုတိယအရာခံဗိုလ်မင်းဇင်၊ မခိုင်စုဝေ(ရန်ကင်းပညာရေးကောလိပ်)၊ မစန်းစန်းနိုင် (စက်မှုလယ်ယာ)၊ မောင်စိုးမင်းနိုင် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏အဘိုး၊ ဦးစိန်ရွှေ−ဒေါ်လှမြင့်(အလုပ်သမားဆေးရုံကြီး)တို့၏ဦးလေးသည် ၂−၇−၂၀၀၄ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဇောမောင်
NOBEL ဟိုတယ်(စစ်တွေ)
အသက်(၃၈)နှစ်

ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ ဦးဦးမောင်−(ဒေါ်အောင်စိန်ညွန့်)တို့၏ဒုတိယသား၊ စစ်တွေမြို့၊ အမှတ် ၆/၁၇၆၊မင်းဘကြီးလမ်း၊အောင်မင်္ဂလာရပ်ကွက်နေ(ဦးမောင်ရှိ)−ဒေါ်ဦးညိုတို့၏ သားသမက်၊ မခင်မေ၏ခင်ပွန်း၊ ခင်မိုးမိုးဝေ၏ဖခင်၊ အမှတ် ၂၅၆၊ သမိန်ဗရမ်းလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးအေးထွန်း၊ ဒေါ်မြရီတို့၏ မောင်၊ ဦးထွန်းအေး၊ ဒေါ်အေးခိုင်သိန်း၊ ဦးအောင်နိုင်ဝင်း၊ ဦးစောဝင်းနိုင်၊ မောင်သန်းနိုင်၊ မောင်သန်းထွန်းနိုင်၊ မသန်းသန်းနွယ်တို့၏ညီ/အစ်ကို၊ တူ တူမငါးယောက်တို့၏ဦးလေးသည် ၂−၇−၂၀၀၄ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄−၇−၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ထေရဝံသ
နာယကဆရာတော် (ဗားကရာတောရကျောင်းတိုက်)
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာတောရကျောင်းတိုက်၏ နာယကဆရာတော် ဘဒ္ဒန္တ ထေရဝံသသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့် (၁−၇−၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ပထမဝါဆိုလပြည့်ကျော် ၄ ရက် (၅−၇−၂၀၀၄ရက်) တနင်္လာနေ့ မွန်းလွဲ ၂ နာရီတွင် ဗားကရာတောရကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်၍ အန္တိမစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ဗားကရာတောရကျောင်းတိုက်မှကား များ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ လာဘ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

မကွေးမြို့၊ မဲထီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ လာဘသည် ရန်ကုန်မြို့ U.H.C ဆေးခန်း၌ ၂၆−၆−၂၀၀၄ရက် ည ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ဆရာတော်၏ဆန္ဒအရ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၇−၆−၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအပ်ပါသည်။ ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တောင်ငူမြို့၊ ဝိသုဒ္ဓါရုံသိမ်ဥူးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယ ဗဟိုဝန်ဆောင်
ဘဒ္ဒန္တ ဝိသာရဒပဏ္ဍိတ
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ပဲခူးတိုင်း၊ တောင်ငူမြို့၊ မြို့ကြီးလမ်း၊ လောကုတ္တရာရပ်၊ ဝိသုဒ္ဓါရုံသိမ်ဥူးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ရွှေကျင်နိကာယ ဗဟိုဝန်ဆောင် ပဲခူးတိုင်းသံဃနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသာရဒပဏ္ဍိတသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက် (၃၀−၆−၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၆း၁၀ နာရီတွင် ဝိသုဒ္ဓါရုံသိမ်ဥူးပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက် (၆−၇−၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၁ နာရီတွင် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ဝိသုဒ္ဓါရုံသိမ်ဥူးပရိယတ္တိစာသင်တိုက်အတွင်း၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနကော်မတီ၊ဝိသုဒ္ဓါရုံသိမ်ဥူးပရိယတ္တိစာသင်တိုက်၊တောင်ငူမြို့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဘိုနီ (မော်လမြိုင်)
အတွင်းရေးမှူးဟောင်း၊ ဝယ်ယူပြင်ဆင်ရေးကော်မတီ ရန်ကုန်တိုင်း
မော်တော်ယာဉ်သ/မအသင်းစု
အသက်(၇၈)နှစ်

မော်လမြိုင်မြို့နေ (ဦးသူတော်−ဒေါ်ငွေရှိန်)တို့၏သားလတ်၊ ရန်ကုန်မြို့နေ (ဦးမောင်ရှင်−ဒေါ်စိန်သက်)တို့၏သားသမက်၊ (ဦးထွန်းကြည်)၏ညီ၊ (ဦးညွန့်မောင်)−ဒေါ်အုန်းကြည်၊ ဦးဂျော်နီ−ဒေါ်ချိုတီတို့၏အစ်ကို၊ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ အိမ်အမှတ် ၇၁ နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးအောင်နိုင်(MPE)−ဒေါ်အေးအေးမြင့်၊ ဦးစံနိုင်၊ ဦးခင်ဇော်−ဒေါ်မြင့်မြင့်နိုင်(တိုင်းရင်းဆေးပညာဦးစီးဌာန)၊ (ဦးကြည်နိုင်)၊ ဒေါ်စိုးစိုးနီ၊ ဦးမျိုးခိုင် (MPRL)−ဒေါ်ပိုပိုနီ(တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပရဆေးဥယျာဉ်ဌာနခွဲ)၊ ဦးတိုးတိုးလှိုင်(MEGA)−ဒေါ်ထက်ထက်ဇော်တို့၏ဖခင်၊မအေးဇာနည်ငြိမ်း၊မသိမ့်ဇာခြည်ငြိမ်း(IX-B၊ အထက−၁၊ ကမာရွတ်)၊ မဝင့်ဒါလီငြိမ်း (X-B၊ အထက−၁၊ ကမာရွတ်)၊မောင်ဆက်သုနိုင်(အမက−၁၂၊ တာမွေ)၊ မောင်ပိုင်မျိုးဟိန်းတို့၏အဘိုးသည် ၃−၇−၂၀၀၄ရက် မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇−၇−၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျင်စွမ်း (ပေါင်၊မော်လမြိုင်)
အသက်(၈၇)နှစ်

မော်လမြိုင်မြို့၊တိုက် ၁၉၊အခန်း ၆၊ ပြည်တော်သာဝင်း၊ဖက်တန်းရပ်နေ ဦးစံကျော့−ဒေါ်စိန်တို့၏သား၊ (ဒေါ်ရှုဝါး)၏ခင်ပွန်း၊ ဒေါ်ရင်တီ၊ ဦးမြင့်လှိုင်−ဒေါ်တင်တင်နွဲ့၊ ဦးမြင့်နိုင်−ဒေါ်ယဉ်ယဉ်ဌေး၊ ဒေါက်တာမြင့်အောင်−ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်ဌေးဌေးစန်း၊ ဦးမြင့်ခိုင်−ဒေါ်သီသီအေး၊ ဒေါ်ဌေးဌေးခိုင်တို့၏ဖခင်၊မြေး ၁၀ ယောက်တို့၏အဘိုးသည် ၃−၇−၂၀၀၄ရက်(စနေနေ့) နံနက် ၅း၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းတီ
(ခေတ်သစ်ကဖီး၊မြေနီကုန်း)
အသက်(၇၄)နှစ်

အမှတ် ၂၆၅၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့နေ (ဦးစွမ်းတင်−ဒေါ်ကျင်ဥ)တို့၏သမီးကြီး၊(ဦးကောင်းစိန်−ဒေါ်အုန်းတင်)၊(ဦးဝင်းလှိုင်−ဒေါ်ကြူကြူ)၊ဦးဝင်းမြင့်(နေလ သောက်ရေသန့်)−ဒေါက်တာခင်မိမိသက်၊ဒေါ်စန်းရီ(နှင်းပုလဲ)၊ဦးဝင်းထိန်−ဒေါ်မိုးမိုး၊ဦးသောင်း−ဒေါ်အင်ဟို တို့၏အစ်မကြီးသည် ၃−၇− ၂၀၀၄ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမောင်နှမများ။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
Mohammed Zubair
(ခ) အာယုမင်းနိုင်
အသက်(၂၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁/၁၃၊ ၅၅ လမ်းနေ ဒေါက်တာမင်းနိုင်−ဒေါ်ယဉ်ယဉ်သီတို့၏သား၊ မောင်ဝေဠုမင်းနိုင် − မသဇင်တင်မောင်၊ (မောင်အာသုမင်းနိုင်)တို့၏ညီ၊အမေရိကန်နိုင်ငံ Sacramento မြို့နေ Dr. Razia Y. Forte၊ ဒေါ်ညွန့်ညီဆွေ၊ ဒေါ်ညွန့်ညီယဉ်၊ ဦးကျော်မိုးမြင့်၊ Houston မြို့နေ ဦးကျော်စိန်−ဒေါ်ယဉ်ယဉ်သော်(ခ)Majia Amin တို့၏တူသည် Sacramento မြို့တွင် ၂၉−၆−၂၀၀၄ရက်၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀−၆−၂၀၀၄ရက်တွင် ယင်းမြို့ မွတ်စလင် ကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုဝင်းနိုင်(ခ)ရွှေဘုတ်
B.A (မြန်မာစာ)
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဗိုလ်ချို ၁ လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အမှတ် ၆(က)နေ ဦးအောင်မြင့်(သိန်းပျံမီးအာမခံ သေတ္တာလုပ်ငန်း) − ဒေါ်လှမြင့်တို့၏ သား၊ မနှင်းနှင်းအေး၏မောင်၊ ဒုရဲအုပ်ပြေငြိမ်း−မချိုဝေလွင်(B.A ၊ မြန်မာစာ)တို့၏အစ်ကို၊ မသက်နှင်းစု၏ဦးလေးသည် ၂−၇−၂၀၀၄ရက်(သောကြာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄−၇−၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

လက်တွဲ
ဝန်းရံ
အမျိုးသား
ညီလာခံ

တက်ရောက်အားပေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကျင်းပသည့် အမျိုးသမီးများ အားကစားစွမ်းရည်ပြပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု
အမျိုးသမီးများအားကစားစွမ်းရည်ပြပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၃

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသမီးများ အားကစားစွမ်းရည်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့်အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ သူနာပြုတက္ကသိုလ်မှသင်တန်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အားကစားမယ်များ၊ ကျောင်းသူလေးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ **စာမျက်နှာ ၁၁ ကော်လံ ၁** ✳

ကျေးလက်ဒေသဖွံ့ဖြိုးရေးအကောင်းဆုံးဖော်ဆောင်
အကောင်းဆုံးမြို့နယ်ပထမဆုကျောက်တန်းကျေးလက်ဆွတ်ခူး

သတင်းဆောင်းပါး
စိန်ရွှေလှိုင်

ရန်ကုန် ဇူလိုင် ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနစည်ပင်သာယာရေးဦးစီးဌာနစည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ရက်က မြို့မ ကျောင်းလမ်း အမျိုးသားကဇာတ်ရုံတွင်ကျင်းပရာ နယ်စပ်ဒေသနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုတက်ရောက်လေ့လာခွင့်ရခဲ့သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁** ✳

ယူရို ၂၀၀၄ ၏ အထွတ်အထိပ် ဗိုလ်လုပွဲ သုံးသပ်ချက်

ယူရိုဖလား လစ္စဘွန်း၌နားမလား အေသင်သွားမလား
ရင်ခုန်သံများနှင့်ချန်ပီယံကို အလင်းရောင်၌ အဖြေရှာမည်

ကိုထွေး – သုံးသပ်တင်ပြသည်

ဥရောပဖလားပွဲတွင် ပထမဆုံး ချီးမြှင့်ခဲ့သည့် ဟင်နရီဒီလောနေးဖလား။ (ဓာတ်ပုံ–အင်တာနက်)

ရန်ကုန် ဇူလိုင် ၃

၂၀၀၄ ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ (Euro – 2004) အကြိုဗိုလ်လုပွဲစဉ်များပြီးဆုံးကာ နောက်ဆုံးဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ဇူလိုင် ၅ ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်တွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် အိမ်ရှင်ပေါ်တူဂီအသင်းနှင့် ဂရိအသင်းတို့ ဘင်ဖီကာမြို့ရှိ စပို့တင်းလစ္စဘွန်းနှင့် ဘင်ဖီကာကလပ်တို့ ပူးတွဲပိုင်ဆိုင်သော Stadium of Light ဟု အမည်ရသည့် Estadio da Luz ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ သဘာဝအလင်းရောင်များကိုသာ ရနိုင်သမျှအသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် အလင်းရောင် အားကစားကွင်းကြီးသည် ယူအီးအက်ဖ်အေ၏ ကြယ်ငါးပွင့်အဆင့်သတ်မှတ်ခြင်းခံထားရသည်။

တစ်ကျော့ပြန်ဆုံတွေ့

အိမ်ရှင်ပေါ်တူဂီနှင့်ဂရိတို့၏ နောက်ဆုံးဗိုလ်လုပွဲ၌ ဆုံတွေ့မှုသည် ပြဇာတ်ဆန်ဆန် တစ်ကျော့ ပြန်ဆုံတွေ့ခြင်းပင် ဖြစ်သည်။ ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်၌ အိမ်ရှင် ပေါ်တူဂီနှင့် ဂရိတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂရိက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုမှပင် ထွက်သွားရဖွယ်ရှိသည်ဟု ထင်ကြေးပေးခြင်းခံရသော ဂရိက အိမ်ရှင်ပေါ်တူဂီကို အနိုင်ရရှိလိုက်ခြင်းသည် ဘောလုံးအကဲခတ်များကို အံ့အားသင့်စေခဲ့ရပြီး ဘောလုံးပြိုင်ပွဲများ၌ ဖြစ်လေ့ဖြစ်ထရှိသော မထင်မှတ်သည့် ရလဒ်အဖြစ် သဘောထားခဲ့ကြသည်။

ဂရိနည်းပြ အော့တိုရီဟာဂျယ်၏ သို့ အောင်ပွဲခံနိုင်ပါမည်လော။ (ဝဲပုံ) (ဓာတ်ပုံ–အင်တာနက်)

ပေါ်တူဂီနည်းပြ စကိုလာရီ၏နည်းဗျူဟာ အဘယ်သို့နည်း။ (ယာပုံ) (ဓာတ်ပုံ–အင်တာနက်)

နောက်ဆုံးဗိုလ်လုပွဲ၌ အိမ်ရှင်ပေါ်တူဂီနှင့်ဂရိ ယခုကဲ့သို့ပြန်လည်ဆုံတွေ့လိမ့်မည်ဟု မည်သူကမျှ မထင်မှတ်ထားခဲ့ကြချေ။

ထူးခြားဖြစ်စဉ်

ယူရို ၂၀၀၄ဘောလုံးပြိုင်ပွဲကြီးသည် ကမ္ဘာကျော်ဇာတ်ညွှန်းရေးဆရာများပင် လက်ဖျားခါရလောက်အောင် ထူးခြားဖြစ်စဉ်များဖြင့် ပြည့်နှက်နေခဲ့သည်။ နာမည်ကျော် ဂျာမနီ၊ စပိန်၊ အီတလီတို့ အုပ်စုအဆင့်မှ လှည့်ပြန်သွားခဲ့ရပြီး အင်္ဂလန်နှင့်ပြင်သစ်တို့ ကွာတားဖိုင်နယ်အဆင့်မှ ထွက်သွားရသည်။ အုပ်စုပွဲစဉ်မှ အကြို ဗိုလ်လုပွဲအထိ ပွဲတိုင်းအနိုင်ရခဲ့သည့် ချက်အသင်းသည် တစ်ကမ္ဘာလုံးမှ ဘောလုံးဝါသနာရှင်များ တစ်ရှိုက်မက်မက်ဖြစ်နေရာမှ ဂရိအသင်းကို ငွေဂိုးဖြင့်ရှုံးပြီး အိမ်ပြန်သွားခဲ့ရသည်။ ဂရိအသင်းသည် အံ့အားသင့်ဖွယ်ကောင်းလောက်အောင် အိပ်မက်ဆန်ဆန်ရလဒ်များဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်လှမ်း လာခဲ့သည်။

ချန်ပီယံအသစ်

ဗိုလ်လုပွဲသို့ တက်ရောက်လာသော အိမ်ရှင်ပေါ်တူဂီနှင့်ဂရိတို့သည် ဥရောပဖလားဘောလုံးပြိုင်ပွဲများ၌ ပထမဆုံးအကြိမ်ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ပေါ်တူဂီနှင့်ဂရိတို့ မည်သူကအနိုင်ရသည်ဖြစ်စေ ချန်ပီယံအသစ်ပေါ်ထွက်လာပေတော့မည်။ ပေါ်တူဂီနှင့်ဂရိတို့တွင် တူညီသောအချက်များရှိနေကြသည်။ နှစ်သင်းစလုံး ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် **စာမျက်နှာ ၁၃ ကော်လံ ၁** ☆